၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်၊ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ ၉ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၃၂)

မြန်မာပြည်သူများကသာ မြန်မာနိုင်ငံ၏ သာယာလှပမှုကို ဖန်တီးပေးနိုင်သူများဖြစ်

ယနေ့အချိန်အခါတွင် အင်အားကြီးမားသောသူတို့က အင်အားနည်းသောသူတို့ကို လွှမ်းမိုးချုပ်ကိုင်နိုင်ရန် နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးပမ်းလျက်ရှိသည်ကို ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးက အထူးသတိပြုရမည်ဖြစ်ပေသည်။ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် မြန်မာပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ကြရန် လိုအပ်ပေသည်။ မြန်မာပြည်သူများကသာ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၊ မြန်မာနိုင်ငံ၏ သာယာလှပမှုတို့ကို ဖန်တီးပေးနိုင်သူများဖြစ်ကြသည်။ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုပြိုကွဲလျှင် တိုင်းတစ်ပါးသားတို့၏ လွှမ်းမိုးချုပ်ကိုင်မှုအောက်သို့ ပြန်လည်ကျရောက်နိုင်သည်ကို သတိပြုသင့်ပေသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

[၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာမှ ကောက်နုတ်ချက်]

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပ

ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌများ တာဝန်ပေးအပ်ခြင်းနှင့် ဥပဒေကြမ်းများ ဆက်လက်ဆွေးနွေးခြင်းများ ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၈

ယနေ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး သတ္တမနေ့ကို နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၅၆၃)ဦးတို့ တက်ရောက်ကြသည်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး သတ္တမနေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

အစည်းအဝေး၌ ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌများ တာဝန်ပေးအပ်ခြင်းနှင့် ဥပဒေကြမ်းများ ဆက်လက်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌများ တာဝန်ပေးအပ်ခြင်းကဏ္ဍ၌ ဥပဒေကြမ်းပူးပေါင်းကော်မတီဝင်များဖြစ်ကြသည့် ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်နှင့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစံထွန်းတို့အား ယင်းကော်မတီ၏ ဒုတိယဥက္ကဋ္ဌများအဖြစ်လည်းကောင်း၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဝင်များဖြစ်ကြသည့် ကော့ကရိတ်မဲဆန္ဒနယ်မှ ဦးသူရိန်ဇော်နှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသိန်းဝင်းတို့အား ယင်းကော်မတီ၏ ဒုတိယဥက္ကဋ္ဌများအဖြစ်လည်းကောင်း တာဝန်ပေးအပ်ရာ လွှတ်တော်က သဘောတူဆုံးဖြတ်သည်။

ဆက်လက်ဆွေးနွေး

ဥပဒေကြမ်းများ ဆက်လက်ဆွေးနွေးခြင်းကဏ္ဍ၌ **နိုင်ငံတော်၏ အမျိုးသားစီမံကိန်း ဥပဒေကြမ်းများ** တွင် ပါဝင်သည့် သားငါးကဏ္ဍ၊ လယ်ယာကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍတို့နှင့်စပ်လျဉ်း၍ ခရမ်းမဲဆန္ဒနယ်မှ ဦးမောင်မောင်သိမ်း၊ သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း(ခ)ဦးမင်းထွန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသန်းမြင့်၊ သာကေတမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်း၊ မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး၊ မြင်းခြံမဲဆန္ဒနယ်မှ ဦးဝင်းမြင့်၊ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး၊ သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း၊ ရေနံချောင်းမဲဆန္ဒနယ်မှ *စာမျက်နှာ ၅ ကော်လံ ၄* ●

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

လွန်ခဲ့သည့်နှစ်ပေါင်း လေးဘီလီယံခန့်က အင်္ဂါဂြိုဟ်ပေါ်တွင် သမုဒ္ဒရာတစ်ခု ဖြစ်တည်ခဲ့ဟုဆို စာ-၄



တီဗက်အဝေးပြေးလမ်းပေါ်၌ နှင်းထုထပ်စွာကျဆင်း လူပေါင်း ၄၀ ကျော် ပိတ်မိနေ၊ ယာဉ်လမ်းကြောပိတ်ထားရ စာ-၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သစ်လက်ထက် ဒုတိယမြောက်ဖွင့်လှစ်ခဲ့သော ထားဝယ်-သရက်ချောင်း ရထားလမ်းပိုင်း စာ-၇



ခရီးသွားသင်္ဘောအသစ်များ တည်ဆောက်နေသည့် အလုံသင်္ဘောကျင်း

ရန်ကုန် ဖေဖော်ဝါရီ ၈

အမေး/အရေး
မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

အလုံသင်္ဘောကျင်း။ သက်တမ်းအားဖြင့် (၁၀၈)နှစ်ပြည့်တော့မည်။ ရန်ကုန်မြို့ အလုံမြို့နယ်တွင် တည်ရှိပြီး ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ တန်ချိန်အများဆုံး ရေယာဉ်တည်ဆောက်မှု၊ အရေအတွက်အများဆုံး ရေယာဉ်တည်ဆောက်မှုနှင့် အမြတ်အများဆုံး ရှာဖွေပေးနေသည့် ထူးခြားသော စွမ်းဆောင်ရည်များဖြင့် တည်ရှိနေသော သင်္ဘောကျင်းတစ်ခု ဖြစ်သည်။

မေးမြန်း

ထို့ကြောင့် အလုံသင်္ဘောကျင်းသည် ခေတ်စနစ်ပြောင်းလဲလာမှုနှင့်အတူ လုပ်ငန်းသစ်များ မည်သို့ဆောင်ရွက်ရန်ရှိသည်ကို သိရှိရန် အလုံသင်္ဘောကျင်းမှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြတ်သူအား မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

စာမျက်နှာ ၆ ကော်လံ ၃ ▲

ကမ္ဘာလှည့် ခရီးသွားသင်္ဘောပေါက်ကိုကို အလုံသင်္ဘောကျင်း၌ တည်ဆောက်နေသည့် မြင်ကွင်း....။

9-2 (01).pmd 1 2/9/2012, 1:22 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်)

အောင်မြင်စေကြောင်း နည်းလမ်းကောင်းကိုရှာဖွေခြင်း

အောင်မြင်ခြင်းကိုကား လူများစွာတို့ တောင့်တကြသည်။ လောကတွင် အောင်မြင်လိုသူသာများ၏။ ''ကျွန်ုပ်သည်အောင်မြင်လိုပါ၏။ အောင်မြင်သော နည်းကလေးသိလျှင် တစ်ဆိတ်လောက်ပြောပါ။ ကျေးဇူးမမေ့ပါဘူး'' ဟု ယောကျ်ား မိန်းမအချို့က ပြောတတ်ကြ၏။ တစ်ဖန် ''ထိုသူသည် အဘယ့်ကြောင့် အောင်မြင်ပါသနည်း၊ ကြီးပွားတိုးတက်ပါသနည်း'' ဟု မေးကြသူများလည်း ပေါ်များကြပေ၏။

ဤအမေးများကို ဆန်းစစ်သော် လျှို့ဝှက်စွာရှိနေသော အောင်မြင်ခြင်းနည်းလမ်းကောင်းများရှိသည်မှာ ထင်ရှား၏။ ဤကား အခြားမဟုတ်။ ကံ၊ ဉာဏ်၊ ဝီရိယ သုံးဌာနကို ဆင်ခြင်သုံးသပ် ကျင့်ကြံလိုက်နာ ကြိုးပမ်းခြင်းပေတည်း။

မှန်ပေ၏။ ထီပေါက်ချင်သူသည် ထီထိုးမှသာလျှင် ထီပေါက်နိုင်၏။ ထီမထိုးလျှင် ထီလက်မှတ်မရှိ။ ထီလက်မှတ်မပိုင်၍ ထီပေါက်ခြင်းကား မဖြစ်နိုင်။ ထီထိုးခြင်းသည် အလုပ်ဖြစ်၏။ ထိုအလုပ်သည်ပင်လျှင် ကံဖြစ်၏။ ထီထိုးခြင်းအလုပ်ကို လုပ်ခြင်းကြောင့် ထီပေါက်ခြင်းဆိုသည့် ကံကိုဖြစ်စေ၏။ ထို့ကြောင့်ပင် အလုပ်သည် ''ကံ''၊ ''ကံ''သည်အလုပ်ဖြစ်သည်ဟု ပြောဆိုနေကြခြင်းပင်ဖြစ်သည်။ ကံသည် အလုပ်ဖြစ်သည်ဆိုသည်မှာ ထင်ရှား၏။ ထို့ကြောင့်ပင် မည်သည့်အရာကို ရချင်သည်ဖြစ်စေ၊ ဖြစ်ချင်သည်ဖြစ်စေ ဦးစွာလုပ်ရမည်မှာ အလုပ်ပင်ဖြစ်၏။

ကံကောင်းခြင်းသည် မည်၍၊ မည်မျှဖြစ်မည်ကို မဆိုနိုင်။ အလုပ်များများလုပ်လျှင် များများကံကောင်းနိုင်၏။ နည်းနည်းလုပ်လျှင် နည်းနည်းကောင်းမည်။ များများကောင်းလိုလျှင် များများအလုပ် လုပ်ရပေမည်။ များများအောင်မြင်ကြီးပွားလိုလျှင် များများအလုပ်လုပ်ကြရပေမည်။ အလုပ်မရှိပါဟု ညည်းတွားနေမည့်အစား အလုပ်ကို ရှာကြံလုပ်ခြင်းဖြင့် အလုပ်ကိုတွေ့နိုင်၏။ အလုပ်ရှာသောသူထံသို့ အလုပ်က လာမည်မဟုတ်။ အလုပ်ရှာသူကသာ အလုပ်ရှိရာသို့ သွားရပေမည်။ အလုပ်ရှာလျှင် အလုပ်တွေ့မည်။ အလုပ်တွေ့လျှင် ကံကောင်းမည်။

တစ်ဖန်လူတို့အနေဖြင့် ကြီးပွားအောင်မြင်စေသော အကြောင်းတရားတို့တွင် ဉာဏ်သည်လည်း အဓိကကျ၏။ အကြံသည် ဉာဏ်ပင်ဖြစ်၏။ အလုပ်၏ ရှေ့ပြေးဟုလည်းဆိုအပ်၏။ အလုပ်တစ်ခု လုပ်မည်ဆိုလျှင် ဦးစွာကြံစည်ရ၏။ ကြံစည်တွေးတောခြင်းသည် ကိုယ်ပိုင်အရင်းအနှီးဖြစ်၏။ ကြံစည်တွေးတောမှုများလေ အကြံကောင်း၊ ဉာဏ်ကောင်းရလေဖြစ်၏။ မည်သို့မျှ ကြံစည်တွေးတောခြင်းမရှိလျှင် အကြံကောင်း၊ ဉာဏ်ကောင်းလည်း ရရှိလာမည်မဟုတ်ပေ။ ''ကံမရှိ ဉာဏ်ရှိတိုင်းမွဲ'' ဆိုသည့် စကားသည် လူတို့၏ အောင်မြင်ကြီးပွားလိုစိတ်ကို ရိုက်ချိုးလိုက်ခြင်းသာဖြစ်၏။ တစ်ကြိမ်လုပ်ကိုင် ကြိုးစား၍မရလျှင် နှစ်ကြိမ်ကြိုးစားမည်။ နှစ်ကြိမ်နှင့် မရလျှင် သုံးကြိမ်၊ လေးကြိမ်စသည်ဖြင့် ထပ်ကာထပ်ကာ ကြိုးစားခြင်းဖြင့် အောင်မြင်နိုင်ပေလိမ့်မည်။ ''မည်မျှပင် သေးငယ်သည့် ပုဆိန်ဖြစ်စေကာမူ အချက်ပေါင်းများစွာ ခုတ်ထစ်သောအခါ မာကြောသည့် ဝက်သစ်ချပင်ကြီးပင် ပြိုလဲရသည်''ဆိုသည့် ရှိတ်စပီးယား၏ အဆိုကို အလေးအနက်ပြုသင့်၏။

ထို့အတူ ကြီးပွားအောင်မြင်စေသော အကြောင်းအရာတို့တွင် ဝီရိယသည် အရေးကြီးဆုံးဖြစ်၏။ ဝီရိယအကျိုး ကံထက်ဝက်ဟုပင် ဆိုကြသေး၏။ ကံကောင်းစေခြင်းငှာ ဝီရိယကို စိုက်ထုတ်လုပ်ကိုင်ကြရပေမည်။ ဥပမာအားဖြင့် အင်္ဂလိပ်စကားပြောတတ်လိုသူတစ်ဦးသည် တစ်နေ့ဝါကျ သုံးကြောင်းကျက်မှတ်လျှင် တစ်လကြာသော် ဝါကျပေါင်း ၉၀ ကျက်မှတ်ပြီးဖြစ်မည်။ တစ်နှစ်ကြာကျက်မှတ်လျှင် ဝါကျပေါင်း တစ်ထောင်ကျော် ကျက်မှတ်ပြီးဖြစ်ပေလိမ့်မည်။ ထိုမျှ ကျက်မှတ်နိုင်လျှင် အနည်းဆုံးပြောနိုင်၊ ဆိုနိုင်အဆင့်သို့ ရောက်ပေလိမ့်မည်။ ပညာရှာသည်ဖြစ်စေ၊ စီးပွားရှာသည်ဖြစ်စေ ဝီရိယစိုက်ထုတ်ကြိုးစားလျှင် အောင်မြင်ခြင်းသို့ရောက်မည်မှာ မလွဲဧကန်ပင်ဖြစ်၏။

သို့ဖြစ်ရာ ယနေ့ခေတ် လူငယ်လူရွယ်တို့သည် မည်ကဲ့သို့ အောင်မြင်မှု၊ တိုးတက်မှုတို့ကိုရလို၍ဖြစ်စေ အောင်မြင်စေကြောင်း နည်းလမ်းကောင်းကို အဝေးတွင် ရှာဖွေရန်မလိုဘဲ မိမိအနီးတွင်ရှိသည့် ကံ၊ ဉာဏ်၊ ဝီရိယတည်းဟူသော အဆွေခင်ပွန်းကောင်းကို မိတ်ဖက်ပြုလျက် ကြိုးစားသင့်ပါကြောင်း အကြံပြု ရေးသားတင်ပြလိုက်ရပါသည်။ ။

စတုတ္ထအကြိမ်မြောက် စစ်တွေမြို့လုံးကျွတ် ရထားဆွဲပွဲတော်ဖွင့်ပွဲ ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်ဖွင့်လှစ်ပေး

နေပြည်တော် ဖေဖော်ဝါရီ ၈

ရခိုင်ပြည်နယ် စတုတ္ထအကြိမ်မြောက် စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာရထားဆွဲပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် ည ၇ နာရီက စစ်တွေမြို့ ဝင်္ဘာကွင်း၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ရထားဆွဲပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းရွှေမောင်နှင့် ရွာကြီးတောင် စာကြည့်တိုက်နာယက ဗိုလ်မှူးထွန်းအောင်ကျော်(အငြိမ်းစား)တို့က ပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရခိုင်ရိုးရာရထားဆွဲပွဲတော်ကျင်းပရေးကော်မတီနာယက ဦးစံရွှေက ရထားပွဲဖြစ်စဉ်အကြောင်းကို ရှင်းလင်းပြောကြားပြီး စတုတ္ထအကြိမ် ရခိုင်ရိုးရာရထားဆွဲပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပထမပွဲစဉ်အဖြစ် ဘောင်းဒွတ်သားစုရပ်ကွက်နှင့် ရူပမြောက်ရပ်ကွက်တို့ ယှဉ်ပြိုင်ကြသည်။ အဆိုပါရထားဆွဲပွဲတော်ကို ဖေဖော်ဝါရီ ၇ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး စစ်တွေမြို့ပေါ်ရပ်ကွက် ၃၂ရပ်ကွက်တို့မှ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စိန်ရတုသဘင် အထိမ်းအမှတ်နှင့် ကမ္ဘာ့မိုးလေဝသနေ့ အလွတ်တန်း ဆောင်းပါးပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် ဖေဖော်ဝါရီ ၈

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ (၇၅)ကြိမ်မြောက် စိန်ရတုသဘင် အထိမ်းအမှတ်အခမ်းအနားနှင့် ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်မြို့ ကမ္ဘာအေးရှိ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၌ မတ်လ ၂၃ ရက်မှ ၂၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားအတွက် အလွတ်တန်းဆောင်းပါးပြိုင်ပွဲကို "အနာဂတ်တွင် တိုးတက်ဖို့ မိုး/ဇလ စွမ်းဆောင်ရည်ကို မြှင့်တင်စို့"ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်၍ ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် အတွင်းရေးမှူး ဆောင်းပါးပြိုင်ပွဲကျင်းပရေးကော်မတီ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ကမ္ဘာအေး ရန်ကုန်မြို့သို့လိပ်မူ၍ ဆောင်းပါးနှင့်အတူမိမိတို့၏ကိုယ်ရေးအချက်အလက်၊ ဆက်သွယ်ရမည့်လိပ်စာတို့ကို မတ်လ ၁ ရက်ထက် နောက်မကျဘဲ အရောက်ပေးပို့ရမည်ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုငွေကျပ်၃၀၀၀၀၀၊ ဒုတိယဆု ငွေကျပ် ၂၀၀၀၀၀၊ တတိယဆု ငွေကျပ်၁၀၀၀၀၀နှင့် နှစ်သိမ့်ဆုလေးဆုကို ငွေကျပ် ၅၀၀၀၀စီ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ ဆုပေးပွဲ အခမ်းအနားကို ကမ္ဘာ့မိုးလေဝသနေ့ဖြစ်သော မတ်လ ၂၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရွှေကူမြို့နယ်၌ စာပေကမ္ဘာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ရွှေကူ ဖေဖော်ဝါရီ ၈

ကချင်ပြည်နယ် ရွှေကူမြို့နယ် နောင်မိုကျေးရွာအုပ်စု ဇင်းဆုံကျေးရွာ၌ စာပေကမ္ဘာစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီခွဲက အဆိုပါ စာကြည့်တိုက်ရှေ့၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးညီညီ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးနိုင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

လှူဒါန်း

ဆက်လက်၍ အလှူငွေနှင့်စာအုပ်စာစောင်များ လှူဒါန်းပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်အောင်နီနှင့် ကျေးလက်နေပြည်သူများက အလှူငွေနှင့်စာအုပ်စာစောင်များလှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

တောင်သူလယ်သမားများသို့ ရွှေဝါငါးကြင်းမျိုးငါးများ ပေးအပ်

မြောင်းမြ ဖေဖော်ဝါရီ ၈

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော ကျေးလက်နေပြည်သူများ ဝင်ငွေတိုးတက်ရရှိစေရေးအတွက် ရည်ရွယ်၍ကျေးရွာရှိ လယ်ကွင်းများအရောက် သဘာဝနည်းဖြင့် ငါးသားဖောက်ခြင်း သင်တန်းနှင့် ရွှေဝါငါးကြင်းမျိုးငါးများ ထောက်ပံ့ကူညီပေးအပ်ပွဲအခမ်းအနားကို မြောင်းမြခရိုင် မြောင်းမြမြို့နယ် ကျုံဝါးကျေးရွာတောင်သူဦးရာဟုလုံး၏ ပေါင်းစည်းလယ်ယာတွင် ဇန်နဝါရီ ၃၁ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်မင်းက သင်တန်းဖွင့်လှစ်ခြင်းနှင့် ရွှေဝါငါးကြင်းမျိုးငါးများ ပေးအပ်ထောက်ပံ့ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် တောင်သူများအား ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်မင်း(ယာပုံ)က ရွှေဝါငါးကြင်း တိုးချဲ့မွေးမြူရေးအတွက် မျိုးငါးများ အစုံလိုက်ထောက်ပံ့ကူညီပေးခဲ့ပြီး ငါးလုပ်ငန်းဦးစီးဌာန၏ အနီးကပ်နည်းပညာပံ့ပိုးမှုဖြင့်ငါးသားဖောက်လုပ်ငန်းများကို လက်တွေ့ ဆက်လက်ဆောင်ရွက်သွားနိုင်ရေးစီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

သန်လျင် အထက(၁)မှ သက်ပြည့်အငြိမ်းစား ဆရာ ဆရာမကြီးများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဦးခင်ဝင်းနှင့်ညီဖြစ်သူ ဦးဇော်ဝင်း-ဒေါ်မိမိတင်(ချမ်းမြေ့မေတ္တာအထူးကုဆေးခန်း)မိသားစုက အလှူငွေကျပ် ၁၅ သိန်းကို ဖေဖော်ဝါရီ ၄ ရက်က ပေးအပ်လှူဒါန်းရာ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီနာယက ဦးတင်ဝင်းနှင့်အဖွဲ့ဝင်များ လက်ခံယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (၀၄၉)

ရုက္ခဗေဒမိသားစု မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ

ဟသ်ာတ ဖေဖော်ဝါရီ ၈

၂၀၁၁-၂၀၁၂ ပညာသင်နှစ် ဟသ်ာတတက္ကသိုလ် ရုက္ခဗေဒမိသားစု၏ ပထမနှစ် (၂၀၁၁ အပထအောင်) မောင်မယ်သစ်လွင်များအား ကြိုဆိုပွဲအခမ်းအနားကို ရွှေဟသ်ာခန်းမ၌ ဇန်နဝါရီ ၂၈ နံနက် ၉ နာရီက ကျင်းပရာ တာဝန်ခံပါမောက္ခချုပ် ဒေါက်တာတင်ထွန်းမြင့်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာစံလင်း၊ ရုက္ခဗေဒဌာနပါမောက္ခ ဌာနမှူး ဒေါက်တာခင်ခင်စန်း၊ ပါမောက္ခ ဒေါက်တာမိုးမိုးခိုင်နှင့် ရုက္ခဗေဒအသင်း ဥက္ကဋ္ဌ တွဲဖက်ပါမောက္ခ ဒေါ်တင်တင်ဝင်းတို့က ကြိုဆိုနှုတ်ဆက်အမှာစကား ပြောကြားကြသည်။

ထို့နောက် ရုက္ခဗေဒကျောင်းသားကျောင်းသူများက အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရှိရသည်။ (၀၂၃)

အမကကျောင်းဆောင်သစ်ဖွင့်ပွဲ မော်လမြိုင်ကျွန်းမြို့၌ကျင်းပ

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၈

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့မ(၈)ရပ်ကွက် တုံးလှဲရွာမအခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၁၀ နာရီက ကျောင်းဆောင်သစ်ရှေ့မျက်နှာစာ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်လက်ထောက်ပညာရေးမှူးဦးမျိုးဝင်းဆွေ၊ မြို့မ(၈)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးတင်အေးနှင့်ဆွစ်ဇာလန်နိုင်ငံ ဆွစ်ဖွံ့ဖြိုးရေးနှင့်ပူးပေါင်းဆောင်ရွက်ရေး (S.D.C)အလှူရှင်များ ကိုယ်စား မစ္စတာမိုက်ကယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**ထို့နောက် တုံးလှဲရွာမအခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အမာချိုနှင့် ရပ်မိရပ်ဖဦးထွန်းဝင်းတို့က ကျောင်းဆောင်သစ် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ မော်လမြိုင်ကျွန်းမြို့မ (၈)ရပ်ကွက် တုံးလှဲရွာမ မူလတန်းကျောင်းဆောင်သစ်မှာ အလျား ၇၂ ပေ၊ အနံ ၃၂ ပေရှိသော သံကူကွန်ကရစ် ဆိုင်ကလုန်းရှပ်တာအဆောက်အအုံဖြစ်ပြီး ငွေကျပ်သိန်း ၁၃၀၀ကျော် အကုန်အကျခံဆောက်လုပ်ခဲ့ကြောင်း သိရှိရသည်။ (၀၆၅)

မီးပိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

မြန်မာ့ရုပ်မြင်သံကြား

၉-၂-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇:၃၀ ၂။ နံနက်ခင်းသတင်း
၈:၃၀ ၃။ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
၈:၄၀ ၄။ International News
၈:၄၅ ၅။ တေးဂီတအစီအစဉ်

ညပိုင်း

၄:၁၀ ၁။ တေးဂီတအစီအစဉ်
၄:၃၀ ၂။ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (မြန်မာစာဘာသာရပ်)
၅:၄၀ ၃။ **ဒီအတိုင်းပဲ ကောင်းပါတယ်** ကျော်ဟိန်း၊မတူး (ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိမ်းထွဋ်၊ ကျော်ဟိန်း)
၆:၀၀ ၄။ ညနေခင်းသတင်း
၆:၁၅ ၅။ မိုးလေဝသအခြေအနေ
၆:၄၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်နဲ့အမုန်း** (ဒုတိယတွဲ) (အပိုင်း-၃၀)
၈:၀၀ ၇။ ပြည်တွင်းသတင်း
၈။ နိုင်ငံတကာသတင်းများ
၉။ မိုးလေဝသအခြေအနေ
၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာအသချေ** (အပိုင်း-၄)
၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ဆုံး** (အပိုင်း-၃၂)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဘယ်လာရုစ်သမ္မတနိုင်ငံသံအမတ်ကြီးတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၈

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဘယ်လာရုစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Valery SADOKHO သည် ယနေ့ ညနေ ၃ နာရီတွင် အဆိုပါ ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံ၍ **(ယာပုံ)** နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ မိုးပွင့်အဆင့် (၂)စီမံချက်၊ အမျိုးသားအဆင့်လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်နှင့် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာများ ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေး ၂၀၁၄ခုနှစ်၌ ဆောင်ရွက်မည် လုပ်ငန်းများ လျာထားချက်အတိုင်း အောင်မြင်ပြီးစီးရေး ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် ဖေဖော်ဝါရီ ၈

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မိုးပွင့်အဆင့် (၂)စီမံချက်၊ အမျိုးသားအဆင့်လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်နှင့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာများ ရှင်းလင်းဆွေးနွေးခြင်းကို ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၁နာရီက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားအဆင့်လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်နှင့် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက အမှာစကားပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြည်သူ့ဆန္ဒကို အလေးထားဆောင်ရွက်ပေးမှု တစ်ရပ်အနေဖြင့် ၂၀၁၁ ခုနှစ် ဇူလိုင် ၁ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ လေးလတာကာလကို မိုးပွင့်အဆင့်(၁)စီမံချက်ဖြင့် တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားကို သတ်မှတ်နှုန်းထားဖြင့် လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုတစ်ဖန် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၃၁ ရက်အထိ နှစ်လတာကာလသတ်မှတ်၍ မိုးပွင့်အဆင့်(၂) စီမံချက်ဖြင့် ထပ်မံဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နောက်လုပ်ငန်းတစ်ခုမှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၄-၁၁-၂၀၁၁ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၄၈/၂၀၁၁)ဖြင့် ဖွဲ့စည်းခဲ့သည့် အမျိုးသားအဆင့်လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်၏ လုပ်ငန်းများဖြစ်ပါကြောင်း၊ ယင်းကော်မရှင်ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်မှာ နိုင်ငံတော်၏ လူဦးရေမူဝါဒ (Population Policy)ရေးဆွဲရန် ဖြစ်ပါကြောင်း၊ လူဦးရေ မူဝါဒရေးဆွဲချမှတ်နိုင်ရန် မိမိတို့နိုင်ငံနှင့် သင့်လျော်သည့် အနေတော်လူဦးရေ(Optimum Population) ဖြစ်ရေးနှင့် တိုင်းပြည်၏ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ သယံဇာတကြွယ်ဝမှု၊ ပထဝီဒေသအလိုက် လူဦးရေပျံ့နှံ့နေထိုင်မှု၊ ပြောင်းရွှေ့မှု၊ မွေးနှုန်း၊ သေနှုန်းစသည့် အရေးပါသော အချက်များအပေါ် အခြေခံ၍ ခန့်မှန်းတွက်ချက်ရေးဆွဲ ချမှတ်ရပါကြောင်း၊ ၎င်းမှတစ်ဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များကို အထောက်အကူပြု၍ ကျေးလက်ဒေသလူနေမှုဘဝ တိုးတက်ရေးလုပ်ငန်းများကို ချိတ်ဆက်ဖော်ဆောင်ရမည် ဖြစ်ပါကြောင်း။

ထို့အပြင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်မည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းကိုလည်း အကြမ်းဖျင်းအားဖြင့် တင်ပြလိုပါကြောင်း၊ ယင်းလုပ်ငန်းကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၂-၁၂-၂၀၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၅၉/၂၀၁၁) ဖြင့် ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့် ဗဟိုသန်းခေါင်စာရင်းကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း။

ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခြင်းကို ၂၀၁၄ ခုနှစ်တွင် ဆောင်ရွက်မည်ဖြစ်သော်လည်း လုပ်ငန်းစဉ်အလိုက် ဆောင်ရွက်ရာ၌ ကြိုတင်ပြင်ဆင်ခြင်း၊ စာရင်းကောက်ခြင်း၊ စာရင်းပြုစုခြင်းနှင့် ဆန်းစစ်ခြင်းနှင့် အစီရင်ခံစာပြုစုထုတ်ပြန်ခြင်းဟူ၍ လုပ်ငန်းစဉ်(၄)ရပ် သတ်မှတ် ဆောင်ရွက်ရမည်ဖြစ်ပြီး စုစုပေါင်းကာလ လေးနှစ်နီးပါး စည်းလုံးညီညွတ်စွာဖြင့်ဆောင်ရွက်ရမည့် လုပ်ငန်းကြီးလည်းဖြစ်ပါကြောင်း၊ ယခုအခါ ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်နေသည့် ကာလဖြစ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အသီးသီးမှ တာဝန်ရှိသူများက ဌာနအလိုက် ကြီးကြပ်ဆောင်ရွက်ပေးကြပါရန်နှင့် လုပ်ငန်းများလျာထားချက်အတိုင်း အောင်မြင်ပြီးစီးနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်၍ အကူအညီပေးကြပါရန် တိုက်တွန်းပါကြောင်းဖြင့် အကျယ်တဝင့်ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များ မင်းလှရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ 3000W ဖြင့် လွှင့်အားတိုးမြှင့်ထုတ်လွှင့်

နေပြည်တော် ဖေဖော်ဝါရီ ၈

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မင်းလှရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြား(MRTV)အစီအစဉ်များကို လွှင့်အား 300 W (VHF စနစ် Channel No. J 12) ဖြင့် ထုတ်လွှင့်လျက်ရှိရာ ပြည်သူလူထုက အရည်အသွေး ပိုမိုကောင်းမွန်စွာနှင့် လွှင့်အားပျံ့နှံ့မှု (Coverage) ပိုမိုဖမ်းယူနိုင်စေရန်အတွက် (၅-၂-၂၀၁၂)ရက်မှစ၍ လွှင့်အား 3000 Wဖြင့် တိုးမြှင့်ထုတ်လွှင့်လျက်ရှိသည်။

လွှင့်အား 3000 W (UHF စနစ် Channel No. J 17) ဖြင့် ထုတ်လွှင့်မှုကို မင်းလှ၊ မိုးညို၊ လက်ပံတန်း၊ အုတ်ဖိုတို့မှ UHF စနစ် Outdoor Antenna ဖြင့် လည်းကောင်း၊ သာယာဝတီ၊ ဟင်္သာတ၊ အင်္ဂပူ၊ ကြို့ပင်ကောက်တို့မှ UHF စနစ် Booster နှင့် Outdoor Antenna တို့ဖြင့်လည်းကောင်း အရုပ်အသံကြည်လင်စွာ ဖမ်းယူရရှိနိုင်သည်။

မူလထုတ်လွှင့်နေသော 300 W (VHF စနစ် Channel No. J12) နှင့် တိုးချဲ့ထုတ်လွှင့်သော 3000 W (UHF စနစ် Channel No. J 17) တို့ကို (၁၅-၂-၂၀၁၂)ရက်အထိ အပြိုင်ထုတ်လွှင့်ပေးမည်ဖြစ်ပြီး (၁၆-၂-၂၀၁၂) ရက်မှစ၍ 3000 W လွှင့်စက်တစ်လုံးတည်းဖြင့် ပြောင်းလဲထုတ်လွှင့်သွားမည် ဖြစ်ကြောင်းနှင့် (၁၆-၂-၂၀၁၂) ရက်မှစ၍ UHF Antenna များဖြင့်သာ ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၂၉ရက်က အမက(၉) သဃ်န်းကျွန်းမြို့နယ်ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် ဆုရရှိသူ ကျောင်းသူ မထားနုစံအား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဌေး ဆုပေးအပ်ချီးမြှင့်စဉ်။

(ပညာရေး)

❐ *ကျောဖုံးမှ*

ဒီဂျိုကိုဗစ်ဟာ ဩစတြေးလျအိုးပင်း၊ ဝင်ဘယ်ဒန်နဲ့ ယူအက်စ်အိုးပင်းစတဲ့ ပွဲတွေမှာ ဆုဖလားတွေ ရယူနိုင်ခဲ့သူဖြစ်ပါတယ်။ ကင်ညာအပြေးမယ်ချာရိုင်ရွတ်ကတော့ ၅ ကီလိုမီတာနဲ့ ၁၀ ကီလိုမီတာ အပြေးပြိုင်ပွဲတွေမှာ ကမ္ဘာ့ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သူဖြစ်ပါတယ်။

တစ်နှစ်တာ အကောင်းဆုံးအားကစားအသင်းဆုကိုတော့ စပိန်ကလပ်ဘာစီလိုနာအသင်းက ဆွတ်ခူးရရှိသွားပါတယ်။ ဘာစီလိုနာအသင်းဟာ ၂၀၁၀-၂၀၁၁ ရာသီမှာ ချန်ပီယံလိဂ်နဲ့ စပိန်လာလီဂါဖလားတို့အပြင် ပြိုင်ပွဲအရပ်ရပ်မှာ ဆုဖလားတွေရယူနိုင်ခဲ့လို့ပဲ ဖြစ်ပါတယ်။

တစ်နှစ်တာအောင်မြင်မှုအရှိဆုံးကစားသမားဆုကိုတော့ ဗြိတိန် ဂေါက်သီးအားကစားသမားအသက် ၂၂နှစ်အရွယ်သာရှိသေးတဲ့ ရိုရီမက်ခ်ွိုင်းက ရရှိသွားပါတယ်။ သူဟာ ယူအက်စ်အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲမှာ သူ့ရဲ့ပထမဆုံးဆုဖလားကို အံ့အားသင့်ဖွယ် ဆွတ်ခူးသွားနိုင်တဲ့သူဖြစ်ပါတယ်။ တစ်နှစ်တာတစ်ကျော့ပြန် အားကစားသမားဆုကိုတော့ ဗြိတိန်ဂေါက်သီးသမား အသက် ၄၂ နှစ်အရွယ်ရှိ ဒါရင်ကလက် ရွေးချယ်ချီးမြှင့်ခြင်းခံခဲ့ရပါတယ်။ အလွတ်တန်းချန်ပီယံဂေါက်သီးရိုက်ပြိုင်ပွဲတွေမှာ အောင်မြင်မှုတွေ ဆက်တိုက်ရရှိအောင် ကြိုးစားနိုင်ခဲ့သူဖြစ်ပါတယ်။

(အင်တာနက်)

❍ *ကျောဖုံးမှ*

ထိုသို့ဆင်းသွားစဉ် ကန်အတွင်းရှိ ဓာတ်ငွေ့များနှင့် ပြင်းထန်သောအနံ့ဆိုးများကြောင့် အောက်ဆီဂျင်ပြတ်လပ်ကာ ပြန်တက်မလာနိုင်တော့ဘဲ မေ့မြောသွားခဲ့ကြသဖြင့် ပတ်ဝန်းကျင်ရွာသားများက ဝိုင်းဝန်းဆယ်တင်ခဲ့ပြီး ပွင့်ဖြူမြို့နယ်ဆေးရုံသို့ ပို့ဆောင်စဉ်လမ်းခရီး၌ ဦးမောင်ဝင်းဆိုသူမှာ ညနေ ၄ နာရီ ၄၅မိနစ်ခန့်တွင် သေဆုံးသွားခဲ့ကြသည်။ ကျန်သူများအနက် အိမ်ရှင်ဦးတင်ငွေ၊ ချမ်းငြိမ်းဌေးနှင့် ကျော်မြိုင်တို့သုံးဦးမှာ ဆေးရုံရောက်ပြီး ကုသမှုခံယူနေစဉ်မှာပင် ညနေ ၅နာရီခွဲခန့်တွင် ထပ်မံ သေဆုံးသွားခဲ့သည်။ ကျန်နှစ်ဦးဖြစ်သည့် အောင်ကိုနှင့် အေးလွင်တို့မှာမူ ဆေးရုံတွင် ကုသမှုဆက်လက်ခံယူနေဆဲဖြစ်သည်။

မိလ္လာကန်အတွင်း လူများဆင်းသက်ရာမှ ပြန်တက်မလာနိုင်ဘဲ မူးလဲမေ့မြောသေဆုံးကြရမှုများမှာ မကြာခဏကြားသိနေရသောဖြစ်စဉ်များဖြစ်သော်လည်း သတိမမူနိုင်ကြသည့်အတွက် ဆက်ကာဆက်ကာ ဖြစ်ပွားလျက်ရှိသည်။ မိလ္လာကန်ထွက် ဘိုင်အိုဂက်စ်များမှာ လူတို့အတွက် ပြင်းထန်သည့် အဆိပ်အတောက်ဓာတ်ငွေ့ဖြစ်ပေရာ လေဝင်လေထွက်အားနည်းပြီး အနံ့ဆိုးများရှိနေသည့်နေရာများ၊အထူးသဖြင့် မိလ္လာကန်များအတွင်းသို့ဆင်း၍ လိုရာလုပ်ငန်းဆောင်ရွက်ခြင်းများကို သတိတရားဖြင့် ဆင်ခြင်ဆောင်ရွက်ကြရန် သက်ဆိုင်ရာက သတိပေးနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လှိုင်မြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း၏ ၂၀၁၁-၂၀၁၂ပညာသင်နှစ် မိဘဆရာ အသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ၂၀၁၀-၂၀၁၁ပညာသင်နှစ်၏ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၈ ရက်က ကျင်းပရာ ပထမတန်း(က)မှ ပထမဆုရရှိသော မောင်ကောင်းလင်းသန့်အား ကျောင်းအုပ်ဆရာကြီး ဦးအာဒိမောင် ဆုချီးမြှင့်စဉ်။

(ပညာရေး)

ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်းသင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၈

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံး၌ ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်း သင်တန်းအမှတ်စဉ်(၄၀)ကို ဖေဖော်ဝါရီ ၂၀ရက်မှ မတ် ၁၉ ရက်အထိ နေ့စဉ်ရုံးပိတ်ရက်မှအပ နံနက် ၉ နာရီ ၄၅ မိနစ်မှ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်အထိ ဖွင့်လှစ်မည်ဖြစ်သည်။

တက်ရောက်လိုသူများသည် အမှတ် (၂၂၈/၂၄၀) ကမ်းနားလမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန သင်တန်းခန်းမ၌ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

အီရတ်မှ အမေရိကန်တပ်ဖွဲ့များရုပ်သိမ်းမှု အီရတ်ပြည်သူများကြိုဆို

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၈

အီရတ်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့ဝင်များရုပ်သိမ်းသည့်အထိမ်းအမှတ်အဖြစ် ထောင်ပေါင်းများစွာသောအီရတ်ပြည်သူများက လူထုအစည်းအဝေးကျင်းပ၍ ကြိုဆိုလိုက်ကြသည်ဟု ဖေဖော်ဝါရီ ၇ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။ **(အပေါ်ပုံ)**

ကြီးမှူးကျင်းပ

အီရတ်နိုင်ငံကို ၂၀၀၃ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ သိမ်းပိုက်ထားစဉ်ဖြန့်ကြက်ခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်များရုပ်သိမ်းခြင်းအထိမ်းအမှတ်အဖြစ် ညီညွတ်သော အီရတ်မဟာမိတ်အဖွဲ့၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည့် အီရတ်နိုင်ငံ ဟက်ဇ်ဘိုလာလှုပ်ရှားမှုအဖွဲ့က လူထုအစည်းအဝေးကို ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံက အီရတ်တွင် ကိုးနှစ်နီးပါးကြာ တပ်ဖွဲ့ဝင်များဖြန့်ကြက်ပြီးနောက် ယခုကဲ့သို့ ရုပ်သိမ်းခြင်းဖြစ်သည်။ အီရတ်စစ်ပွဲတွင် အမေရိကန်တပ်ဖွဲ့ဝင် ၄၅၀၀ ခန့် သေဆုံးခဲ့ကြောင်း အမေရိကန်အစိုးရက ထုတ်ပြန်သောသတင်းတွင် ဖော်ပြပါရှိသည်။ **(အင်တာနက်)**

အာဖဂန်ငြိမ်းချမ်းရေးကိစ္စ ကာတာနှင့်ပါကစ္စတန် ဆွေးနွေးမည်

ဒိုဟာ ဖေဖော်ဝါရီ ၈

တာလီဘန်နှင့် အမေရိကန်အရာရှိများ ပဏာမဆွေးနွေးပွဲများ စတင်ပြုလုပ်ပြီးဖြစ်သည့် ကာတာနိုင်ငံ၌ အာဖဂန်နစ္စတန်ငြိမ်းချမ်းရေး ကြိုးပမ်းမှုများဆွေးနွေးရန် ပါကစ္စတန်ဝန်ကြီးချုပ် ယူစွပ်ဂီလာနီသည် ကာတာနိုင်ငံသို့ ယနေ့ရောက်ရှိလာပြီဖြစ်သည်။

တာလီဘန်တို့နှင့် တွေ့ဆုံဆွေးနွေးရေး အမေရိကန်တို့၏ကြိုးပမ်းအားထုတ်မှုများအပါအဝင် ပါကစ္စတန်ဝန်ကြီးချုပ် ဂီလာနီသည် အကြောင်းအရာအများအပြားကို ဆွေးနွေးမည်ဟု ပါကစ္စတန်အရာရှိများက ပြောကြားသည်။

အာဖဂန်နစ္စတန်ပြည်တွင်း ပြန်လည် သင့်မြတ်ရေးနှင့် စပ်လျဉ်း၍ အချို့သောသဘောထားများနှင့်အကြံပြုချက်များရှိကြောင်း၊ ဝန်ကြီးချုပ် ဂီလာနီနှင့် ကာတာခေါင်းဆောင်များ တွေ့ဆုံသည့်အခါ အဆိုပါကိစ္စများကို ဆွေးနွေးမည်မှာ သေချာကြောင်း ပါကစ္စတန်အရာရှိများက ပြောကြားသည်။ **(အင်တာနက်)**

နေတိုးရဟတ်ယာဉ်တစ်စင်း အာဖဂန်အရှေ့ပိုင်း၌ ပျက်ကျ

ကဘူးလ် ဖေဖော်ဝါရီ ၈

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းတွင် အမေရိကန်ဦးဆောင်သည့် နေတိုးတပ်ဖွဲ့၏ ရဟတ်ယာဉ်တစ်စင်း ထပ်မံပျက်ကျခဲ့ကြောင်း၊ ထိခိုက်သေဆုံးမှုသတင်းများ ချက်ချင်းမရရှိသေးကြောင်း ဖေဖော်ဝါရီ ၈ ရက်က အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ **(ယာပုံ)**

ရွှေ့ပြောင်းပေး

ရဟတ်ယာဉ်ပျက်ကျသဖြင့် အသေအပျောက်၊ ထိခိုက်မှုသတင်းများ မကြားရသော်လည်း တပ်ဖွဲ့ဝင်များကို အနီးအနားတပ်စခန်းတစ်ခုသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း နေတိုးအဖွဲ့က ကြေညာသည်။

တိတိကျကျမသိရသေး

အဆိုပါရဟတ်ယာဉ်ပျက်ကျသည့် နေရာအတိအကျကို နေတိုးအဖွဲ့က ယခုအထိ အသေးစိတ်သတင်းထုတ်ပြန်ကြေညာခြင်းမရှိပေ။ နေတိုးရဟတ်ယာဉ်မှာ အကြမ်းဖက်သမားများပစ်ချသဖြင့် ပျက်ကျသလော၊ သို့မဟုတ် စက်ချွတ်ယွင်းပြီး ပျက်ကျခြင်းလော တိတိကျကျမသိရဟုဆိုသည်။

(အင်တာနက်)

နိုင်ငံတကာသတင်းပဒေသာအတိုအထွာ (၈-၂-၂၀၁၂)

တင်မောင်လွင် – စုစည်းသည်

ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ရုရှားသို့ ချစ်ကြည်ရေးခရီးသွားရောက်

ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ဟီနာရတ်ဘင်နီခါဟာသည် ရုရှားနိုင်ငံခြားရေးဝန်ကြီး မစ္စတာဆာဂျင်ဗစ်ခ်တိုရိုဗစ်လပ်ရတ်၏ ဖိတ်ကြားချက်အရ ရုရှားနိုင်ငံသို့ ချစ်ကြည်ရေးအလည်အပတ်ခရီးစဉ်အဖြစ် ဖေဖော်ဝါရီ ၇ ရက်က စတင်သွားရောက်ခဲ့ကြောင်း၊ ယင်းခရီးစဉ်မှာ ၁၀ ရက်နေ့အထိ ကြာမြင့်မည်ဖြစ်ကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။ ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ဟီနာရတ်ဘင်နီသည် ရုရှားနိုင်ငံခြားရေးဝန်ကြီးနှင့် အပြန်အလှန်ဆွေးနွေးမှုများပြုလုပ်ရာတွင် ပါကစ္စတန်-ရုရှားနှစ်နိုင်ငံဆက်ဆံရေးတင်မက အခြားကိစ္စရပ်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်းနှင့် ဒေသဆိုင်ရာစိတ်ဝင်စားဖွယ်များ အပြန်အလှန်ဆွေးနွေးသွားမည်ဖြစ်ပြီး အမြင်ချင်းဖလှယ်သွားမည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ယခုနိုင်ငံခြားရေးဝန်ကြီး၏ ချစ်ကြည်ရေးခရီးစဉ်သည် နှစ်နိုင်ငံအကြား အပြန်အလှန်အကျိုးဖြစ်ထွန်းရေးနှင့် အနာဂတ်တွင် တိုးတက်စေရေးအတွက် နှစ်ဦးနှစ်ဖက် ကူညီထောက်ပံ့မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်းလည်း အဆိုပါသတင်းတွင် ဖော်ပြသည်။

ဘူဂေးရီးယားတွင် မိုးသည်းထန်ပြီးရေကြီး

ဘူဂေးရီးယား အရှေ့တောင်ပိုင်းတွင် ဖေဖော်ဝါရီ ၆ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုကြောင့် ဆည်တမံတစ်ခုကျိုးပေါက်ကာ လူရှစ်ဦးသေဆုံးခဲ့ကြောင်း ဘူဂေးရီးယားပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဖေဖော်ဝါရီ ၇ ရက်က ပြောကြားသည်။

ဂရိနှင့်တူရကီနယ်စပ်အနီး ကီဆာကျေးရွာတွင် ဆည်တမံတစ်ခုကျိုးပေါက်မှုကြောင့် လူလေးဦးရေနစ်သေဆုံးခဲ့ကြောင်း၊ ရေလှိုင်းများမှာ အမြင့်သုံးမီတာမှ ငါးမီတာအထိရှိကာ အိမ်အများအပြားကို ရိုက်ခတ်သွားခဲ့ကြောင်း၊ အခြားလေးဦးမှာ အဆိုပါဒေသရှိ ကျေးရွာနှစ်ရွာတွင် ရေကြီးမှုဖြစ်ပြီး နှစ်ဦးသေဆုံးကာ အခြားနှစ်ဦးမှာ ကားအတွင်း၌ ပိတ်မိသေဆုံးခဲ့ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

အနီးဝန်းကျင်ရှိ ဘာဂတ်စ်ကတ်ဂျာခရိုင်နှင့်စတာရာဇာဂိုရာ ခရိုင်တို့တွင် ဆည်တမံဒါဇင်ပေါင်းများစွာ ရေလျှံမှုများဖြစ်ပွားခဲ့သည်။ ယင်းဒေသများရှိ လမ်းများကိုလည်း ရေကြီးမှုကြောင့် ပိတ်ထားရသည်။

ဒိုမီနီကန်အရှေ့ဘက်ကမ်းလွန်တွင် ကူးတို့ရေယာဉ်တိမ်းမှောက်

ဒိုမီနီကန်အရှေ့ဘက်ကမ်းလွန်တွင် ဖေဖော်ဝါရီ ၅ ရက်က ကူးတို့ရေယာဉ် တစ်စင်းတိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၈ ဦး သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ဖေဖော်ဝါရီ ၇ ရက်တွင် ပြောကြားသည်။ အဆိုပါ ကူးတို့ရေယာဉ်သည် ယင်းနေ့နံနက်စောစောပိုင်းက ဆန်တိုဒိုဂိုမြို့မှ ၁၅၄ ကီလိုမီတာ အကွာခန့်ရှိ ဟောတိုမေရာပြည်နယ်အတွင်းရှိသည့် ဆာဗာနာဒီလာမာဒေသ၌ တိမ်းမှောက်သွားခဲ့ခြင်းဖြစ်သည်။ အဆိုပါအရာရှိများ၏ ပြောကြားချက်အရ ကူးတို့ရေယာဉ်ပေါ်တွင် ခရီးသည်အနည်းဆုံး ၇၀ တင်လာကြောင်း၊ ခရီးသည် ၄၀ ကျော်မှာ အဆိုပါဒေသအတွင်းရှိ ဆန်ချက်မြို့မှဖြစ်ပြီး ၃၀ မှာ အခြားနေရာများမှဖြစ်ကြောင်းသိရသည်။ ဖေဖော်ဝါရီ ၆ ရက် နံနက် စောစောပိုင်းတွင် ကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေမှုများပြုလုပ်ခဲ့ရာ အမျိုးသမီးခြောက်ဦးနှင့် အမျိုးသား ၁၂ ဦး၏ရုပ်အလောင်းအား ပင်လယ်အတွင်းမှ ဆယ်ယူရရှိခဲ့ပြီး အသက်ရှင်ကျန်ရစ်သူ ၁၉ ဦးအား တွေ့ရှိခဲ့ကြောင်း၊ နောက်ထပ် ဒါဇင်ပေါင်းများစွာ ပျောက်ဆုံးနေပြီး သေဆုံးသူများ ထပ်တိုးလာနိုင်ကြောင်း အရာရှိများက ဆက်လက်ပြောကြားခဲ့သည်။ ***(အင်တာနက်)***

နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – စုစည်းသည်

အသံထက်မြန်ပြီး ရေဒါမဖမ်းယူနိုင်သည့် ဂျေ-၂၀ တိုက်လေယာဉ်သစ် တရုတ်စမ်းသပ်ပျံသန်း

ပေကျင်း ဖေဖော်ဝါရီ ၈

အခြားနိုင်ငံများမှ ထုတ်လုပ်ထားသော တိုက်လေယာဉ်များထက် ပိုမိုစွမ်းဆောင်ရည်မြင့်မားသည့် ဂျေ-၂၀ အမည်ရှိ တိုက်လေယာဉ်အသစ်ကို တရုတ်နိုင်ငံက ဖေဖော်ဝါရီ ၇ ရက်၌ စတင်စမ်းသပ်ပျံသန်းကြောင်း တရုတ်အရာရှိများက ဖေဖော်ဝါရီ ၈ ရက်၌ ပြောကြားသည်။

ပိုမိုမြင့်မား

အဆိုပါ တိုက်လေယာဉ်သစ် **(အပေါ်ပုံ)** သည် ရေဒါဖြင့်ဖမ်းယူနိုင်ခြင်းမရှိဘဲ ယခင်တရုတ်နိုင်ငံက ထုတ်လုပ်ခဲ့သော ဂျေ-၇ နှင့် ဂျေ-၈ တိုက်လေယာဉ်များထက် နည်းပညာပိုမိုမြင့်မားသည်ဟု ၎င်းတိုက်လေယာဉ်ကို မောင်းနှင်သည့် တရုတ်လေယာဉ်မှူးတစ်ဦးဖြစ်သော စူယောင်လန်းက ပြောကြားသည်။

ထို့အပြင် ယင်းတိုက်လေယာဉ်သစ်သည် အမေရိကန်လေတပ်မှ အက်ဖ်-၂၂ ဂျက်တိုက်လေယာဉ်အမျိုးအစားနှင့် ရုရှားနိုင်ငံလေတပ်မှ စူခွိုင်းတီ-၅၀ ဂျက်တိုက်လေယာဉ်အမျိုးအစားများနှင့်လည်း ရင်ပေါင်တန်းနိုင်သည့်စွမ်းရည်ရှိကြောင်း ၎င်းက ပြောကြားသည်။ တစ်ဖန် ဂျေ-၂၀တိုက်လေယာဉ်သည် အသံထက်မြန်ပြီး ရန်သူ့ရေဒါမှ ကင်းလွတ်ကာ ဝေဟင်မှ စွမ်းရည်အပြည့်ဖြင့် တိုက်ခိုက်နိုင်ကြောင်း စူယောင်လန်းက ပြောကြားသည်။ **(အင်တာနက်)**

လွန်ခဲ့သည့်နှစ်ပေါင်း လေးဘီလီယံခန့်က အင်္ဂါဂြိုဟ်ပေါ်တွင် သမုဒ္ဒရာတစ်ခုဖြစ်တည်ခဲ့ဟုဆို

ပါရီ ဖေဖော်ဝါရီ ၈

အင်္ဂါဂြိုဟ်မျက်နှာပြင်၏ အစိတ်အပိုင်းတစ်ခုတွင် လွန်ခဲ့သောနှစ်ပေါင်းများစွာက ရေပြင်ကြီးတစ်ခုဖုံးလွှမ်းတည်ရှိခဲ့သည့် အထောက်အထားများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ဥရောပအာကာသအေဂျင်စီက ဖေဖော်ဝါရီ ၈ ရက်၌ သတင်းထုတ်ပြန်သည်။ **(အောက်ပုံ)**

အဆိုပါ ရေပြင်ကြီးမှာ သမုဒ္ဒရာတစ်ခုသဖွယ်တည်ရှိခဲ့ကြောင်း၊ အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်တွင် အလွန်ရှေးကျသော ကမ်းရိုးတန်းများ၊ သမုဒ္ဒရာကြမ်းပြင် အနေအထားများ၊ နှစ်ပေါင်းများစွာဖြစ်တည်နေသော နုန်းတင်မြေများကို ဥရောပအာကာသအေဂျင်စီ၏ အင်္ဂါဂြိုဟ်လှေ့လာရေးယာဉ်က ရေဒါအသုံးပြုလေ့လာပြီး မြေပြင်စခန်းသို့ သတင်းအချက်အလက်နှင့် ဓာတ်ပုံများပေးပို့ခဲ့ခြင်းဖြစ်သည်။

ယင်းသမုဒ္ဒရာသည် အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်တွင် လွန်ခဲ့သောနှစ်ပေါင်း လေးဘီလီယံခန့်က ဖြစ်တည်ခဲ့ခြင်းဖြစ်ပြီး နှစ်ပေါင်းသုံးဘီလီယံခန့်တွင် ၎င်းသမုဒ္ဒရာသည် ရေခဲပြင်ကြီးသဖွယ်ဖြစ်တည်ခဲ့ခြင်းဖြစ်ကြောင်း သတင်း၌ ဆက်လက်ဖော်ပြထားသည်။

ထို့နောက် လွန်ခဲ့သော နှစ်ပေါင်းတစ်သန်းခန့်က အဆိုပါရေခဲပြင်ကြီးများမှာ အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်၌ အပူချိန်ပြင်းထန်မှုကြောင့် အရည်ပျော်ကွယ်ပျောက်ခဲ့ခြင်းဖြစ်နိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။ **(အင်တာနက်)**



ကမ္ဘာ့အကြီးဆုံးအာကာသမှန်ပြောင်း ဥရောပပညာရှင်များထုတ်လုပ်

မြူးနစ် ဖေဖော်ဝါရီ ၈

ဥရောပအာကာသသုတေသနပညာရှင်များက ကမ္ဘာပေါ်တွင် အကြီးဆုံးနှင့် မြင်ကွင်းကြည်လင်ပြတ်သားမှုအရှိဆုံး အာကာသကြည့်မှန်ပြောင်းကြီးတစ်ခုကို ထုတ်လုပ်လိုက်ကြောင်း ဖေဖော်ဝါရီ ၈ ရက်၌ ချီလီအရာရှိများက ပြောကြားသည်။

အဆိုပါ တယ်လီစကုပ်ကို ဗာရီလက်တယ်လီစကုပ်ဟုခေါ်ဆိုပြီး ချီလီနိုင်ငံတွင် တည်ဆောက်ထားသော အခြား အာကာသကြည့်မှန်ပြောင်းလေးခုနှင့် ချိတ်ဆက်ကာ အာကာသသုတေသနလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သည်။

ယင်းအာကာသကြည့် မှန်ပြောင်းသည် အချင်း မီတာ ၁၃၀ ရှိပြီး ချီလီနိုင်ငံ သဲကန္တာရဒေသရှိ တောင်ထိပ်ပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။ ၎င်းမှန်ပြောင်း၏ မှန်ဘီလူးအရည်အသွေးမြင့်မားမှုနှင့် ပုံရိပ်ကြည်လင်ပြတ်သားမှုများမှာ အခြားအာကာသကြည့်မှန်ပြောင်းများထက် ပိုမိုကောင်းမွန်သည်။

ယခုကမ္ဘာ့အကြီးဆုံးအာကာသကြည့်မှန်ပြောင်းကို ဥရောပနိုင်ငံပေါင်း ၁၅ နိုင်ငံက စပွန်ဆာပေးထားပြီး ဂျာမနီနိုင်ငံ မြူးနစ်မြို့တွင် ဌာနချုပ်ဖွင့်ထားသော ဥရောပတောင်ပိုင်းအာကာသသုတေသနရေးရာအဖွဲ့က တည်ဆောက်ထားခြင်းဖြစ်သည်။ **(အင်တာနက်)**

နွားထိုးကြီးမြို့နယ်၌ ပညာရေး၊ ကျန်းမာရေးအတွက်

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် ငွေများလှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၈

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည် ဖေဖော်ဝါရီ ၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ပြည်သူ့ဆေးရုံ၌ကျင်းပသည့် လူနာတင်ယာဉ်တစ်စီးနှင့် အလှူငွေများပေးအပ်လှူဒါန်းပွဲ၊ မြို့နယ်တွင်းမှ ဆေးတက္ကသိုလ် တက်ရောက်ရန်အခက်အခဲရှိသော ကျောင်းသား ကျောင်းသူများအား ဆဋ္ဌမအကြိမ် ပညာသင်စရိတ်ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်၍ လူနာတင်ယာဉ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို ဆေးရုံအုပ်ကြီး ဒေါက်တာ ကျော်မိုးထံ ပေးအပ်သည်။

ထို့နောက် အလှူငွေများ ပေးအပ်ကြရာ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးမိသားစု၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ဦးနှင့်ဇနီး၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးနှင့်ဇနီး၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာချာလီသန်းနှင့်ဇနီး၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့်ဇနီး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးချိုသန်းမောင်နှင့်ဇနီးနှင့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်စိုးနှင့်ဇနီးတို့က ငွေကျပ် ငါးသိန်းစီ၊ မြန်မာ့လေကြောင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်မောင်ထွန်းနှင့် ဇနီးတို့က ငွေကျပ် ၁၀ သိန်း၊ MPA ALLIED ကုမ္ပဏီလီမိတက်က ငွေကျပ် သုံးသိန်း၊ SUN FAR ကုမ္ပဏီလီမိတက်က ငွေကျပ် ၁၀ သိန်း၊ Asian Wings ကုမ္ပဏီလီမိတက်က ငွေကျပ် ငါးသိန်း၊ Diamond Star ကုမ္ပဏီလီမိတက်က ငွေကျပ် သိန်း ၅၀၊ E.F.R ကုမ္ပဏီလီမိတက်က ငွေကျပ် ငါးသိန်း၊ Air Bagan လေကြောင်းလိုင်းက ငွေကျပ် ၁၀ သိန်းအပါအဝင် စုစုပေါင်းအလှူရှင် ၁၇ ဦးတို့က ငွေကျပ် ၁၃၈ သိန်း ငါးသောင်းကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး ဒေါ်ဝေဝေမိသားစုတို့က ဆေးတက္ကသိုလ် ကျောင်းသား ကျောင်းသူ ၁၃ ဦးအတွက် ပညာသင်စရိတ် ငွေကျပ် ၆၅သိန်း ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝက်လူးကျေးရွာသို့ ရောက်ရှိပြီး ဝက်လူး-တောဇောက်-မြို့သာ အရှည် ၁၂ မိုင်၊ အကျယ် ၁၆ ပေရှိ မြို့နယ်ချင်းဆက် အမာခံမြေသားလမ်းများကို Asia World ကုမ္ပဏီက စက်ယန္တရားကြီးများဖြင့် အကြီးစားပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလမ်းသည် နွားထိုးကြီးမြို့နယ် မြောက်ဘက်ခြမ်းရှိ ကျေးရွာပေါင်း ၃၀ မှ ပြည်သူများ မှီခိုအားထားနေရသောလမ်းဖြစ်ပြီး လမ်းကောင်းမွန်ပါက မြို့သာ၊ နွားထိုးကြီး၊ မြင်းခြံ၊ မန္တလေးမြို့တို့သို့ အချိန်တိုအတွင်း သွားရောက်နိုင်မည်ဖြစ်သည်။ လမ်းပြုပြင်ရေးလုပ်ငန်းကို Asia World ကုမ္ပဏီက စက်ယန္တရား ၁၄ စီးဖြင့် ဖေဖော်ဝါရီ ၁ ရက်မှ စတင်ဆောင်ရွက်လျက်ရှိပြီး မတ်လတွင် ပြီးစီးမည်ဖြစ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ပြည်ထောင်စုဝန်ကြီးသည် လမ်းကို သတ်မှတ်ချိန်အမီပြီးစီးရေးနှင့် ရေရှည်ကောင်းမွန်ရေးတို့အတွက် တာဝန်ရှိသူများအား မှာကြားခဲ့ပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်နှင့် ဇနီးတို့ နွားထိုးကြီးမြို့နယ်ပြည်သူ့ဆေးရုံသို့ ပေးအပ်လှူဒါန်းသည့်လူနာတင်ယာဉ်နှင့် ပတ်သက်သော စာရွက် စာတမ်းများကို ဆေးရုံအုပ်ကြီး ဒေါက်တာ ကျော်မိုးထံ ပေးအပ်စဉ်။

(သတင်းစဉ်)

● *ရှေ့ဖုံးမှ*

ဒေါ်ဝင်းမော်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်၊ မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်၊ မှော်ဘီမဲဆန္ဒနယ်မှ ဦးကြည်မြင့်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးကျော်ကျော်နှင့် ဂွမဲဆန္ဒနယ်မှ ဦးကြည်သာတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ဆက်လက်ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

ယနေ့အစည်းအဝေးကို ညနေ ၃ နာရီ ၁၀ မိနစ်တွင်ရပ်နားပြီး အစည်းအဝေး အဋ္ဌမနေ့ကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

လက်မှတ်ရေးထိုး

ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ပြည်သူလူထုအခြေပြု တီဘီဝေဒနာရှင်များအား ပြုစုစောင့်ရှောက်သူ မြို့နယ်အဆင့်သင်တန်းဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၈

Global Fund Round 9 ၏ ပံ့ပိုးမှုဖြင့် အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံချက်နှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်သော ပြည်သူလူထုအခြေပြု တီဘီရောဂါပြုစုစောင့်ရှောက်သူ မြို့နယ်အဆင့်သင်တန်းကို ဖေဖော်ဝါရီ ၃ရက်မှ ၄ရက်အထိ တောင်ကြီးမြို့ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ရုံး၌ ဖွင့်လှစ်ရာ အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်သက်သက်ဇင်က အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်တီဘီဆရာဝန်ကြီး ဒေါက်တာဇော်မြင့်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆွေးနွေး

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်မြမြတို့သည် ဖေဖော်ဝါရီ ၄ရက်တွင် တောင်ကြီးမြို့ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ရုံး၌ ပြည်နယ်၊ ခရိုင် သုံးခရိုင်နှင့် မြို့နယ် ၂၁မြို့နယ်မှ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးကြသည်။

ယင်းနောက် တောင်ကြီးမြို့ မြို့မ ရပ်ကွက် အမှတ်(၈)အခြေခံပညာမူလတန်းကျောင်း၌ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ဖွင့်လှစ်ထားသော စေတနာ ညစာကျွေးဝိုင်းသို့ သွားရောက်ကြည့်ရှုအားပေးပြီး **(အောက်ပုံ)** ငွေကျပ် တစ်သိန်းငါးသောင်း ထောက်ပံ့ခဲ့ကြသည်။

ဖေဖော်ဝါရီ ၅ ရက်တွင် ဟိုပုံးမြို့နယ် နမ့်ဖော်ဟွန်းကျေးရွာ၌ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က အဘွားသုံးဦးအား အိမ်တိုင်ရာရောက် စောင့်ရှောက်ခြင်းနှင့် အသေးစားမတည်ချေးငွေဖြင့် သက်ကယ်လုပ်ငန်း၊ တိုဟူးနွေးနှင့် ရေစိမ်ခေါက်ဆွဲအရောင်းဆိုင်၊ တိုဟူးကြော်နှင့် တိုဟူးသုပ်အရောင်းဆိုင်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးပြီး ဟိုပုံးမြို့နယ် အုပ်ချုပ်ရေးမှူးရုံး၌ဖွင့်လှစ်သော ပြည်သူလူထုအခြေပြု တီဘီရောဂါ ပြုစုစောင့်ရှောက်သူ မြို့နယ်အဆင့်သင်တန်းကို ဝင်ရောက်ကြည့်ရှုပြီး တီဘီရောဂါနှင့်စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တောင်ကြီးမြို့နယ် ကျောက်တလုံးကြီးမြို့နယ်ခွဲ နောင်ကားရပ်ရွာ ပညာပဒေသာဌာနသို့သွားရောက်ပြီး သုတ၊ရသစာအုပ်များ၊ ဂျာနယ်များနှင့် DVD အခွေစက်ပေးအပ်လှူဒါန်းကာ အသေးစား အိမ်တွင်းလက်မှုလုပ်ငန်းဖြစ်သော ဂျပ်ခုတ်လွယ်အိတ်ရက်လုပ်ခြင်းလုပ်ငန်း၊ တောင်းရက်လုပ်ခြင်းလုပ်ငန်း၊ စက်ချုပ်လုပ်ငန်း အသိပညာပေးဗီဒီယိုဇာတ်လမ်းပြသနေခြင်း၊ ဒေသခံပအိုဝ်းတိုင်းရင်းသူများ၏ စာပေလေ့လာဖတ်ရှုနေခြင်းတို့ကို ကြည့်ရှုအားပေးခဲ့သည်။

ကျောက်တလုံးကြီးမြို့နယ်ခွဲ ဟမ်းဆီးကျေးရွာအုပ်စု ဟမ်းဆီးကျေးရွာ၌ ဒေသခံပအိုဝ်းတိုင်းရင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံခြင်း၊ အဖွဲ့ဝင် အဆိုပြုလွှာပေးအပ်ခြင်း၊ အထွေထွေစကားဝိုင်း၌ ချစ်ကြည်ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးခြင်းများပြုလုပ်၍ အဘွားနှစ်ဦးအား အိမ်တိုင်ရာရောက်စောင့်ရှောက်၍ အားဖြည့်အစာနှင့် ငွေသားထောက်ပံ့ ပေးအပ်ခဲ့သည်။

ဖေဖော်ဝါရီ ၆ရက်တွင် တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက်ရှိ ဒေါ်ကြီး၊ ဒေါ်ငယ်ပရဟိတဂေဟာသို့ သွားရောက်ပြီး ဆန်သုံးအိတ်၊ ဆီတစ်ပုံး၊ စောင်များနှင့် ငွေကျပ်နှစ်သိန်းတို့ကို ထောက်ပံ့သည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က မတည်ထုတ်ချေးပေးထားသော အသေးစားချေးငွေဖြင့် တောင်ကြီးမြို့ ချမ်းမြသာစည်ရပ်ကွက်ရှိ ဟင်းထုပ်လုပ်ငန်းနှင့် ကံသာရပ်ကွက်ရှိ ဆွယ်တာထိုးလုပ်ငန်း လုပ်ဆောင်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တူရကီနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီ

နေပြည်တော် ဖေဖော်ဝါရီ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော တူရကီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ မူရတ် ရာဘုစ် အက်တီစ်အား ခန့်အပ်ရန် တူရကီအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ မူရတ် ရာဘုစ် အက်တီစ်သည် ၁၉၆၅ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် မွေးဖွားခဲ့ပြီး ၁၉၈၆ ခုနှစ်တွင် အန်ကာရာတက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံဘွဲ့ကို ရရှိခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် လူမှုသိပ္ပံဘာသာရပ်ဖြင့် မဟာဘွဲ့ကိုရရှိခဲ့သည်။ ယင်းနှစ်တွင်ပင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အငယ်တန်းသံတမန်အဖြစ် စတင်ဝင်ရောက်ကာ ရာထူးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ရီရတ်ဒ်မြို့၊ ဘရပ်ဆဲလ်မြို့၊ တိုကျိုမြို့နှင့်ဒူဘိုင်းမြို့တို့ရှိ တူရကီသံရုံးများတွင်လည်း ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ယခုအခါ ၎င်းသည် နိုင်ငံခြားရေးဝန်ကြီးဌာန စွမ်းအင်၊ ရေနှင့် ပတ်ဝန်းကျင်ဆိုင်ရာဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ မူရတ် ရာဘုစ် အက်တီစ်သည် ရန်ကုန်တွင်ရုံးစိုက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တူရကီသမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ၎င်းသည် အိမ်ထောင်မရှိသူဖြစ်သည်။ **(သတင်းစဉ်)**

လှူဒါန်း

ကွယ်လွန်သူ ဦးတင်အေး(ခ) ဦးထွန်းဝင်းအားရည်စူး၍ ရန်ကုန်မြို့ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်နေ (ရွှေတိုက်ငွေချေးလုပ်ငန်း) ဒေါ်စန်းစန်းမွေး မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ် ၁၀သိန်း လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာသန်းဝင်း လက်ခံစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ခေတ္တလမ်းပိတ်မည်

ရန်ကုန်တိုင်းဒေသကြီး (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ပြည်သူ့ရင်ပြင်၌ကျင်းပမည်ဖြစ်ပါ၍ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၅ နာရီမှစတင်ပြီး အခမ်းအနားပြီးဆုံးချိန်အထိ ပြည်လမ်း (ရှင်စောပုလမ်းဆုံမှ အလုံလမ်းဆုံအထိ) ခေတ္တလမ်းပိတ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဓာတ်အားလိုင်းများ အဝင်/အထွက် ချိတ်ဆက်သွယ်တန်းထားရှိမှု

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၈

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၀ နာရီ ၄၅မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ကမ်းနားလမ်းရှိ ၂၃၀/၆၆/၁၁ ကေဗွီ (၂၀၀) အမ်ဗွီအေ အလုံပင်မဓာတ်အားခွဲရုံအသစ်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးအား ဓာတ်အားခွဲရုံအသစ် အစည်းအဝေးခန်းမဆောင်၌ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း) စီမံကိန်းမန်နေဂျာက ၂၃၀ ကေဗွီ လှိုင်သာယာ-အလုံ (လှိုင်မြစ်ကျော်) မဟာဓာတ်အားလိုင်း(၁၄)မိုင်နှင့် ၂၃၀/၆၆/၁၁ ကေဗွီ (၂၀၀)အမ်ဗွီအေ အလုံပင်မဓာတ်အားခွဲရုံဖွင့်ပွဲအခမ်းအနားကျင်းပရန် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် Battery Room အတွင်းရှိ Battery များအား စနစ်တကျထားရှိမှုနှင့် Switch Gear Room ကိုလည်းကောင်း၊ Control Room အတွင်းရှိ Control Panel များကိုလည်းကောင်း၊ ဓာတ်အားခွဲရုံ Switch Yard အတွင်း ဓာတ်အားလိုင်းများ အဝင်/အထွက် ချိတ်ဆက်သွယ်တန်းထားရှိမှုကိုလည်းကောင်း၊ ၂၃၀/၆၆/၁၁ ကေဗွီ (၁၀၀)အမ်ဗွီအေ ထရန်စဖော်မာ အမှတ်(၁)နှင့် ၂၃၀/၆၆/၁၁ကေဗွီ (၁၀၀) အမ်ဗွီအေ ထရန်စဖော်မာအမှတ်(၂)တို့၏ ဓာတ်အားလက်ခံရရှိမှုနှင့် ကြံ့ခိုင်မှုအခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုနေ့ အထိမ်းအမှတ် ကောလင်း၌ ဟောပြော

ကောလင်း ဖေဖော်ဝါရီ ၈

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းပညာရေးဌာနနှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့ပူးပေါင်း၍ ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲကို ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲ ၁ နာရီက ကောလင်းမြို့ အခြေခံပညာအထက်တန်းကျောင်း သဇင်ခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးစန်ထွန်းက အမှာစကားပြောကြားပြီး သတင်းထောက်စိုင်းလူမင်းက "ပြည်ထောင်စုနေ့ဆိုသည်မှာ. . ." ကိုလည်းကောင်း၊ စာရေးဆရာသတင်းထောက် ဦးခင်မောင်ညိမ်း (မြန်ဂုဏ်ဆောင်)က "တိုင်းရင်းသားတို့၏ ပြည်ထောင်စုစိတ်ဓာတ်"ကို လည်းကောင်း ဟောပြောကြသည်။

အလားတူ ဖေဖော်ဝါရီ ၆ ရက် ည ၇ နာရီကလည်း ဝန်းသိုမြို့နယ် လွင်ကြီးအုပ်စု ကျုံးကြီးကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်းတွင် ဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရှိရသည်။ (ဝဇ၂)

ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြန်မာ့အလင်းသတင်းစာတိုက်ဝင်း၌ ပွင့်လင်းရာသီ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြသစဉ်။ (သတင်းစဉ်)

ပွင့်လင်းရာသီ မီးဘေးကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်ရေးဟောပြောပွဲနှင့် သရုပ်ပြပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၈

ပွင့်လင်းရာသီ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေး ဟောပြောပွဲနှင့် သရုပ်ပြပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် (၅၃) နတ်မောက်လမ်းသွယ် (၁)ရှိ မြန်မာ့အလင်းသတင်းစာတိုက်ဝင်းရှိ ပုံနှိပ်စက်ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကြေးမုံသတင်းစာတိုက် စာတည်းမှူးချုပ် ဦးခင်မောင်ကျော်ဒင်၊ သတင်းစာတိုက်များမှ မန်နေဂျာများနှင့် ဝန်ထမ်းများတက်ရောက်ကြပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန တာမွေမြို့နယ် မီးသတ်ဦးစီးဌာနမှူး ရဲသူရိန် ဦးဌေးဝင်းက မီးလောင်မှုအမျိုးမျိုးနှင့် မီးဘေး ကြိုတင်ကာကွယ်ရေးဆိုင်ရာ သိမှတ်ဖွယ်ရာများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားပြီး မီးငြိမ်းသတ်မှုကို လက်တွေ့သရုပ်ပြသသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၄ ရက်က ရန်ကုန်တိုင်းဒေသကြီး အမက(၁၄) မြောက်ဥက္ကလာပ၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ဘက်စုံအလှူရှင်များအား ဂုဏ်ပြုပွဲကျင်းပရာ အခမ်းအနားတွင် စတုတ္ထတန်း၌ ပထမဆုရ မောင်လင်းထွဋ်နိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုလွင် ဂုဏ်ပြုဆုပေးအပ်စဉ်။ (ပညာရေး)

မြန်မာ့အလင်း သဘာဝဘေးသတင်း

တိဗက်အဝေးပြေးလမ်းပေါ်၌ နှင်းထုထပ်စွာကျဆင်း လူပေါင်း ၄၀ ကျော်ပိတ်မိနေ၊ ယာဉ်လမ်းကြောပိတ်ထားရ

ချိုချိုမြင့်-ရေးသားသည်

လာရှာ ဖေဖော်ဝါရီ ၈

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိဗက်ဒေသရှိ မီတာ ၅၀၀၀ ရှိသော အဝေးပြေးလမ်းမကြီးပေါ်တွင် ဆီးနှင်းများထူထပ်စွာကျဆင်းမှုကြောင့် လူပေါင်း ၄၀ ကျော် ပိတ်မိနေကြောင်း ကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူက ဖေဖော်ဝါရီ ၈ ရက်၌ ပြောကြားသည်။

နာဂါရီဒေသ ကျောင်ဘားစီရင်စုအတွင်းရှိ အမှတ်-၂၁၉ အဝေးပြေးလမ်းမကြီးပေါ် ကီလိုမီတာ ၁၀၀ အကွာအဝေးရှိ လမ်းအစိတ်အပိုင်းတွင် နှင်းထုများ ဖေဖော်ဝါရီ ၇ ရက်ကတည်းက ဖုံးအုပ်နေသောကြောင့် ယာဉ်လေးစီးပေါ်တွင် လိုက်ပါလာသည့် ခရီးသည် ၄၀ မှာ ပိတ်မိနေလျက်ရှိကြောင်း ကယ်ဆယ်ရေးအဖွဲ့ခေါင်းဆောင် ရဲအရာရှိတစ်ဦးဖြစ်သည့် ကျန်ကျင်းရှိုင်က ပြောကြားသည်။

ကယ်ဆယ်ရေး သမားများသည် ပိတ်မိနေသူများအား ကယ်ဆယ်ရန် ယင်းနေ့ မွန်းလွဲ ၃ နာရီဝန်းကျင်က ရောက်ရှိခဲ့ကြောင်း ၎င်းကပြောကြားသည်။ အဆိုပါဒေသတွင် အပူချိန်အနုတ် ၃၀ ဒီဂရီဆဲလ်စီးရပ်စ်ရှိခဲ့ပြီး နှင်းများ ဆက်လက်ကျဆင်းနေသောကြောင့် ဘေးအန္တရာယ်ကင်းရှင်းရန်အတွက် ရဲတပ်ဖွဲ့ဝင်များက ယာဉ်လမ်းကြောများ ပိတ်ထားခဲ့ရကြောင်း ၎င်းက ထပ်မံပြောကြားသည်။ **(အင်တာနက်)**

အရက်ဆွမ်းလောင်းလှူပွဲကျင်းပ

ဖျာပုံ ဖေဖော်ဝါရီ ၈

ဖျာပုံခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအဖွဲ့များ၊ အလှူရှင်များက မြို့ပေါ်နှင့် ကျေးရွာများရှိ ကျောင်းပေါင်း ၆၀ မှ သံဃာအပါး ၁၀၀၀ ခန့်အား မြို့မဝါပသံဃဒါန အရုဏ်ဆွမ်းလောင်းလှူပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၅ နာရီက ဖျာပုံမြို့ ရတနာ့သိဒ္ဓိ သာသနာ့ဗိမာန်၌ ကျင်းပသည်။

အဆိုပါဆွမ်းလောင်းလှူပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဌေး၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းများ၊ အလှူရှင်များက ကြည်ညိုသဒ္ဓါပွားကာ အရုဏ်ဆွမ်း လောင်းလှူခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

သစ်တောသယံဇာတများ ထိန်းသိမ်းရေးနှင့် သစ်တောပြုစုပျိုးထောင်ရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၃၀ ရက်က ကျောက်ကြီးမြို့ သိမ်တန်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ကျင်းပရာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်ထွေး ရှင်းလင်းဟောပြောစဉ်။ (မြို့နယ်သစ်တော)

▲ *ရှေ့ဖုံးမှ*

ခရီးသည်စီး အထူးသင်္ဘောတွေ တည်ဆောက်ဖို့ရှိပါတယ်။

ဦးမြတ်သူ
ဒုတိယအင်ဂျင်နီယာမှူးကြီး

မေး။ ။ လောလောဆယ် အလုံသင်္ဘောကျင်းမှာ ဘယ်လိုသင်္ဘောတွေ တည်ဆောက်နေပါသလဲ။

ဖြေ။ ။ ကုန်သင်္ဘော ၁၉ စင်းနဲ့ တွန်းသင်္ဘော ၁၀ စင်းအပါအဝင် စုစုပေါင်း သင်္ဘော ၅၃ စင်း တည်ဆောက် ပြုပြင်နေပါတယ်။ ပုဂ္ဂလိက လာရောက်အပ်နှံထားတဲ့ ကမ္ဘာလှည့်ခရီးသွားများ စီးနိုင်မယ့် ပေါက်ကုံလို့ အမည်ပေးထားတဲ့ သင်္ဘောသစ် တစ်စင်းလည်း တည်ဆောက်ပေးနေပါတယ်။

မေး။ ။ အဲဒီသင်္ဘောက ဘယ်လိုအမျိုးအစားဆိုတာ ရှင်းပြပါဦး။

ဖြေ။ ။ နှစ်ထပ် သင်္ဘောအမျိုးအစားဖြစ်ပြီး ခရီးသည် ၃၀ သက်သောင့်သက်သာ စီးနိုင်ပါတယ်။ လေအေးစက်တပ်ထားတဲ့ အိပ်ခန်းတွေ၊ အဆင့်မြင့် ဝန်ဆောင်မှုတွေ ပေးနိုင်အောင် တည်ဆောက်ထားတာပါ။ ပြည်တွင်းရေကြောင်းအနေနဲ့ အခုလို ခရီးသွား အထူးသီးသန့် သင်္ဘော တည်ဆောက်ပေးတာ ပထမဆုံးပါပဲ။

မေး။ ။ နောက်ထပ် အစီအစဉ်အသစ်တွေရှိရင် ပြောပြပေးပါဦး။

ဖြေ။ ။ Door to Door စနစ်နဲ့ ကုန်တင် သင်္ဘောတွေ ပြည်တွင်းမှာ ပြေးဆွဲနိုင်အောင် တည်ဆောက်မယ်။ ကမ်းရိုးတန်းသွား သင်္ဘောတွေ၊ ခရီးသွားသီးသန့် သင်္ဘောတွေ၊ ပြင်ပက လာရောက်အပ်နှံတဲ့ သင်္ဘောတွေနဲ့ ပြည်တွင်း ရေကြောင်းပိုင် သင်္ဘော အသစ်တွေလည်း တည်ဆောက်သွားမယ်။ နောက်ပြီး လုပ်ငန်းသုံး အမြန်ယာဉ် စပိဘုတ်တွေလည်း တည်ဆောက်သွားမယ့် အစီအစဉ်တွေ ရှိပါတယ်။

မေး။ ။ အပျော်စီးခရီးသည်တင် သင်္ဘောတွေ တည်ဆောက်မယ်လို့ ကြားပါတယ်။ အဲဒါကောဟုတ်ပါသလား။

ဖြေ။ ။ ဟုတ်ပါတယ်။ ပြည်တွင်းခရီးစဉ်တိုတွေအတွက် ခရီးသွားတွေ အဆင့်မြင့်မြင့်နဲ့ စိတ်ချမ်းသာစွာ သွားလာနိုင်ဖို့အတွက်ပါပဲ။ လောလောဆယ်မှာ သုံးစင်း တည်ဆောက်မှာဖြစ်ပြီး အလုံသင်္ဘောကျင်းမှာ တစ်စင်း၊ ဒလသင်္ဘောကျင်းမှာတစ်စင်းနဲ့ မန္တလေးသင်္ဘောကျင်းမှာတစ်စင်းတည်ဆောက်မှာပါ။ အိပ်ခန်း ငါးခန်းပါရှိပြီး တစ်ခန်းကို ခရီးသည်နှစ်ဦး ကျယ်ကျယ်ဝန်းဝန်းစီးနိုင်မှာဖြစ်ပါတယ်။

မေး။ ။ သင်္ဘောတွေ ပြုပြင်တည်ဆောက်ရာမှာ နည်းစနစ်အသစ်တွေ ကျင့်သုံးမှုတွေ ရှိပါသလား။

ဖြေ။ ။ လေအိတ်စနစ်နဲ့ ရေယာဉ်တွေ အတင်အချပြုလုပ်နေပါတယ်။ အဲဒီစနစ်ကြောင့် ရေယာဉ်တွေ ထိခိုက်ပျက်စီးမှု လုံးဝမရှိနိုင်သလို အချိန်ကုန်သက်သာပါတယ်။ သဲမှုတ်ပြီး သံချေးချွတ်တဲ့ စနစ်သုံးတာမို့ သင်္ဘောဆေး မြဲမြံပြီး တာရှည်ခံပါတယ်။ ဒါ့အပြင် ဂဟေဆက်ကြောင်းတွေ ကောင်းမွန်ခိုင်ခံ့အောင် ပလာစမာ ဂေါ်ဂျင်ထိုးစနစ် အသုံးပြုနေပါတယ်။

မေး။ ။ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးမှာ အလုံသင်္ဘောကျင်းရဲ့ အခန်းကဏ္ဍက အဓိကကျပါသလား။

ဖြေ။ ။ မှန်ပါတယ်။ အလုံသင်္ဘောကျင်းဟာ မြစ်ဝကျွန်းပေါ်ဒေသမှာရှိတဲ့ ပုသိမ်၊ လပွတ္တာ၊ မော်ကျွန်း၊ ဖျာပုံ၊ ကျိုက်လတ်၊ မအူပင်၊ ဟင်္သာတ၊ ပြည်စတဲ့ မြို့တွေကို ခရီးသည်နဲ့ ကုန်ပစ္စည်းတွေ သယ်ယူပို့ဆောင်ပေးနေတဲ့ ရေယာဉ်တွေကို အဓိကပြင်ဆင်ပေးနေတဲ့ သင်္ဘောကျင်းဖြစ်ပါတယ်။ နှစ်စဉ် ရေယာဉ် အစင်း ၇၀ နဲ့ အသေးစား ရေယာဉ်အစင်း ၂၂၀ ကို ပြင်ဆင်နေပြီး တန် ၁၀၀၀၊ တန် ၁၅၀၀ နဲ့ တန် ၃၀၀၀ ရှိကုန်တင် ရေယာဉ်တွေကိုလည်း အသစ်တည်ဆောက်ပေးနေပါတယ်။ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးအတွက် အဓိကဝင်ငွေအများဆုံး ရှာဖွေပေးနေတဲ့ သင်္ဘောကျင်းလည်း ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်အတွက် အဓိကနိုင်ငံခြားငွေရှာဖွေပေးနေတဲ့ လူ့စွမ်းအားဖြစ်တဲ့ ပင်လယ်ကူးစက်ဘက်သင်္ဘောသားတွေ၊ အင်ဂျင်နီယာတွေ လေ့ကျင့်မွေးထုတ်ပေးနေတဲ့ နေရာတစ်ခုလည်း ဖြစ်ပါတယ်။

မေး။ ။ အလုံ သင်္ဘောကျင်းရဲ့ အားသာချက်တွေကို ပြောပြပေးပါဦး။

ဖြေ။ ။ နည်းစနစ်သစ်တွေ အမြဲတမ်းကြိုးဆပြီး ဆောင်ရွက်နေတယ်။ သင်္ဘောတည်ဆောက် ပြုပြင်မှုစရိတ်ထက်ဝက်သက်သာလို့ အလုပ်အပ်နှံမှုတွေလည်း များလာတယ်၊ အရည်အသွေးမြင့်မားပြီး အကျိုးအမြတ်ရရှိအောင်လည်း ကြိုးစားနေပါတယ်။

အလုံ သင်္ဘောကျင်းသည် ရန်ကုန်မြို့ အချက်အချာကျသည့် နေရာတွင် တည်ရှိပြီး မြေဧရိယာ အကျယ်အဝန်း ၄၄ ဒသမ ၅၇၆ ဧကရှိသည်။ မြေတန်ဖိုး ကာလပေါက်ဈေးကျပ် ၃၈၁ ဘီလီယံခန့်တန်ဖိုးရှိပြီး အဆောက်အအုံများ၊ လွန်းကျင်းလမ်းများ၊ ရေကြည်တွင်းများ၏ တန်ဖိုးမှာ ကာလတန်ဖိုး ကျပ်သိန်းငါးသောင်းခန့်ရှိမည်ဖြစ်သည်။ ထို့သို့ တန်ဖိုးကြီးမားပြီး နိုင်ငံတော်အတွက် အကျိုးအမြတ်များစွာရှာဖွေပေးနေသော အလုံသင်္ဘောကျင်း၏ နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် စိုက်ပျိုးပေးထားသော ကံ့ကော်ပင်ပျိုကလည်း အားမာန်အပြည့်ဖြင့် လေအဝှေ့တွင် ဈွေ့ဈွေ့လှုပ်လျက်။ ။ **(မြန်မာ့အလင်း)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့သစ်လက်ထက် ဒုတိယမြောက်ဖွင့်လှစ်ခဲ့သော ထားဝယ်-သရက်ချောင်းရထားလမ်းပိုင်း

* ထားဝယ်-မြိတ် ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း၏ ထားဝယ်-သရက်ချောင်းရထားလမ်းပိုင်းကို ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် စတင်ဖောက်လုပ်ခဲ့ပြီး ၂၀၁၁ ခုနှစ် ဇွန် ၄ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ထားဝယ်ဘူတာ၌ ဖွင့်လှစ်ခဲ့သည်။

* ၁၃၂ ဒသမ ၅ မိုင်ရှိသည့် ထားဝယ်-မြိတ် ရထားလမ်းသစ် ဖောက်လုပ်ရေးစီမံကိန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ထားဝယ်- သရက်ချောင်းရထားလမ်းပိုင်း အရှည် ၁၉ ဒသမ ၃၁ မိုင်ကို ဖွင့်လှစ်ခဲ့သည်။ ထားဝယ်ဘူတာကြီးသည် ထားဝယ်မြို့မှ ၃ မိုင် ၂ ဖာလုံကွာဝေးပြီး သွားလာရန် အချိန်ကန့်သတ်ချက်များရှိသည့် ထားဝယ်ဆိပ်ကမ်းဘူတာကို ထားဝယ်မြို့နှင့် ကပ်လျက်တည်ဆောက်ခဲ့သည်။

* ရထားလမ်းအရှည် ၁၃၂ ဒသမ ၅ မိုင်ရှိသည့် ထားဝယ်-မြိတ် ရထားလမ်းသစ် ဖောက်လုပ်ရေးစီမံကိန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး လမ်းပိုင်းအရှည် ၁၉ ဒသမ ၃၁ မိုင်ရှိသည်။

* အဆိုပါ ထားဝယ်-သရက်ချောင်း ရထားလမ်းပိုင်းတွင် ပေ ၁၈၀ အထက် တံတားနှစ်စင်းနှင့် ပေ ၁၈၀ အောက် တံတား ၆၃ စင်းပါရှိပြီး ဘလောက်ဘူတာများအဖြစ် ဆိပ်ကမ်းဘူတာ၊ ညောင်ဇင်ဘူတာနှင့် သရက်ချောင်းဘူတာတို့ဖြစ်ကာ ရပ်စခန်းဘူတာများဖြစ်သည့် ရှင်မုတ္တီးဘူတာနှင့် သရက်နှစ်ခွဘူတာတို့ ပါရှိပြီး ထားဝယ်-မြိတ်ရထားလမ်းပိုင်းတွင် ပထမဦးဆုံး ဖောက်လုပ်ဖွင့်လှစ်ပေးသည့် လမ်းပိုင်းဖြစ်သည်။

* ထားဝယ်-သရက်ချောင်း ရထားလမ်းပိုင်းကို ထားဝယ်မြို့ ဆိပ်ကမ်းဘူတာမှ သရက်ချောင်းဘူတာသို့ ပြေးဆွဲပေးမည်ဖြစ်ကာ ယခင်ပြေးဆွဲနေသည့် ထားဝယ်-ရေး ရထားခရီးစဉ်ကိုလည်း ထားဝယ်မြို့ ဆိပ်ကမ်းဘူတာမှ ရေးသို့ ပြောင်းလဲပြေးဆွဲသွားမည်ဖြစ်သည်။

* တနင်္သာရီတိုင်းဒေသကြီးတွင် ရန်ကုန်-မော်လမြိုင်-ရေး-ထားဝယ်-မြိတ် ကားလမ်းမကြီးကို အထင်ကရဖောက်လုပ်ပေးခဲ့ခြင်းကြောင့် လမ်းမကြီးဖြတ်သန်းရာ တိုင်းနယ်မြေအသီးသီးကို ကားဖြင့်ဆက်စပ်သွားလာနိုင်ခဲ့ပြီး ရထားလမ်းအနေဖြင့် မွန်ပြည်နယ် မော်လမြိုင်မြို့မှ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့အထိ ဖောက်လုပ်ပေးခဲ့ပြီး ထားဝယ်မြို့မှ မြိတ်မြို့အထိ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

* တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆက်သွယ်သွားလာနိုင်မည့် ထားဝယ်-မြိတ် ရထားလမ်းမကြီးပြီးစီးပါက မြိတ်မြို့မှ မွန်ပြည်နယ် မော်လမြိုင်မြို့၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး နယ်မြေများကိုဖြတ်ကျော်၍ မြန်မာနိုင်ငံတစ်နံတစ်လျား အရှေ့အနောက်၊ တောင်မြောက်သို့ မီးရထားဖြင့် သွားလာနိုင်မည်ဖြစ်သည်။

သတင်းမှတ်စု ➢ မောင်ငြိမ်းအေး

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

ပြီးခဲ့သည့်နေ့ရက်များက မန္တလေးသို့ရောက်ခဲ့စဉ် ဂေါ်ဝိန်ဆိပ်သို့ရောက်ခဲ့သည်။ ဂေါ်ဝိန်၏ ဆည်းဆာအလှကား ကမ္ဘာလှည့်ခရီးသွားတို့မဆိုထားဘိ၊ မြင်နေကျ မိမိတို့ကိုပင်လျှင် ဆွဲဆောင်လွန်းသည်။ မြစ်ညာတစ်ကြောမှ မျှောလာသည့် ဝါးဖောင်တို့ကလည်း စီစီရီရီနှင့် ပန်းချီကားတစ်ချပ်ထဲမှ အဝါရောင် အစက်အပြောက်ကလေးများပမာပင်။ သောင်ပြင်ကျယ်များ၊ တံငါလှေများ၊ ရေခပ်ဆင်းသူ ရေချိုးသူများ၊ သောင်ပြင်ပေါ်မှ သီးနှံစိုက်ခင်းများ၊ လှေသမ္ဗန်များ၊ မော်တော်ဘုတ်များ၊ သင်္ဘောများ စသည်ဖြင့် ဆည်းဆာအောက်မှ ဧရာဝတီ၏အလှကို ဖြည့်ဆည်းပေးသော စုတ်ချက်ပေါင်းများစွာတွင် ဤသော ရေမျှောချလာသည့် ဝါးဖောင်တို့ကလည်း အပါအဝင်ပဲ ဖြစ်ပေသည်။ ထိုအထဲတွင် ချည်နှောင်ထားသော လျှော်ကြိုး ကြိမ်ကြိုးတို့ ပြတ်တောက်၍ ဖရိုဖရဲ ကစဉ့်ကလျားဖြစ်သွားသော ဝါးဖောင်တို့လည်း ရှိတတ်သည်။ ထိုစဉ်တွင်တော့ ပြေလျော့ထွက်လာသော ဝါးတို့၏ရန်ကို လှေသမ္ဗန်ငယ်တို့က အပြေးအလွှား ရှောင်ကြရသည်ကိုလည်း မြင်တွေ့ရတတ်သည်။ အစုအစည်း မတတ်၍သော်လည်းကောင်း၊ ပေါ့ဆမှုကြောင့်သော်လည်းကောင်း၊ ဖောင်ဖွဲ့စဉ်က အသုံးပြုသော ကိရိယာတန်ဆာပလာရွေးချယ်မှု ညံ့ဖျင်းခြင်းကြောင့်လည်းကောင်း၊ အမြန်ပြီးလိုဇောနှင့် စနစ်တကျမဆောင်ရွက်နိုင်ခြင်းကြောင့် လည်းကောင်း၊ ကိုယ့်ပစ္စည်း ဆုံးရှုံးရုံမျှမက ပတ်ဝန်းကျင်ပါ အနေအထားပျက်ကြရခြင်းပေတည်း။ ထိုမှ ရှည်လျားထွေပြားစဉ်းစားရသော် လူ့ဘောင်လောကတွင်လည်း ဤသော ဝါးဖောင် အစည်းပြေသကဲ့သို့ စုစည်းမှုပျက်ယွင်းခြင်း၊ စည်းလုံးမှုပျက်ယွင်းခြင်းတို့ ဖြစ်လေ့ဖြစ်ထရှိပေရာ မိမိတို့အကျိုးပျက်ယွင်းသကဲ့သို့ လူ့ပတ်ဝန်းကျင်တွင်လည်း အရောင်စွန်းထင်း ပျက်ယွင်းခြင်းမျိုးစုံဖြစ်ရတတ်ပေသည်။ ပျက်ယွင်းခြင်းပေါင်းများစွာသည် ဉာဏ်ပညာကြီးမားသူ

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကဗျာ

ချစ်ကြိုးဖွဲ့နှောင် တွဲလက်များ

မွန်နှင့်ရခိုင် ရှမ်း ကချင်
ဗမာ ချင်း ကရင်၊
ကယားပါဝင် စုစည်းအား
မြန်မာ့တိုင်းရင်းသား။

ရိုးသားကြိုးစား ဖွဲ့သန်သန်
မေတ္တာအခြေခံ၊
စိတ်ရင်းအမှန် ဖြစ်တည်မြဲ
သမိုင်းစဉ်ဆက်ပဲ။

ဘယ်သူခွဲခွဲ မကွဲပါ
စည်းလုံးညီညီညာ
သည်မြို့ သည်ရွာ သာယာရေး
မျိုးချစ်စိတ်ကို မွေး။

ရဲစိတ် ရဲသွေး ပြည့်လျှံဝေ
မြန်မာ့အေးရပ်မြေ
နွားကွဲရင်လေ ကျားဆွဲတတ်
သတိ အမြဲချပ်
ပင်လုံစိတ်ဓာတ် အမြဲဆောင်
ဤမြေတိုးတက်အောင်
ချစ်ကြိုးဖွဲ့နှောင် တွဲလက်များ
စဉ်ဆက် ထိန်းသိမ်းထား။ ။

သောင်းကိုကို

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

အစည်းမပြေမှ ခရီးတွေလှမည်

လှိုင်ဘွား (ပါရမီ)

လူသားတို့ကြောင့် အဖြစ်များသကဲ့သို့ ထိုသို့မဖြစ်အောင် ရှောင်တိမ်းကြိုးစားတည်ဆောက်သွားကြရမည့်သူများမှာလည်း ဤလူသားများသာလျှင် ဖြစ်ပေတော့သည်။

ဤနမူနာကြီးကို အီရတ်နှင့်အာဖဂန်နစ္စတန်တို့တွင် ထင်ရှားစွာတွေ့မြင်နိုင်သည်။ တစ်နိုင်ငံလုံးပြည့်နှက်နေသည့် အုတ်ကျိုးအုတ်ပဲ့ပုံများ၊ ကစဉ့်ကလျားဖြစ်နေသည့် ရပ်ကွက်မြို့ရွာများ၊ မပြည့်မစုံစာရင်းအရပင် ကြောက်ခမန်းလိလိ အရေအတွက်များပြားလှသော သေကျေပျောက်ဆုံးသွားခဲ့ရသည့် မိသားစုဝင်များ စသည်တို့က နည်းနာမှားယွင်းမှုကို မီးမောင်းထိုးပြနေခဲ့သည်။ ထိုနည်းနာကို အခမဲ့ဆောင်ကြဉ်းပေးလာသူတို့က ကျောပိုးအိတ်ပိုက်ကာ လက်ပြနှုတ်ဆက်လေယာဉ်ပေါ်တက်နေချိန်တွင် ဒီမိုကရေစီဟု ခေါ်ဆိုရခက်သော ပြာပုံနှင့်မီးလောင်ပြင်မှ စည်းလုံးမှုပျက်ပြားခဲ့ရသူများမှာမူ ဝမ်းနည်းပူဆွေးငိုကြွေးခြင်းသံသရာ၌ ဝဲလည်နေခဲ့ရပေပြီ။ ဤအဖြစ်ကို ပြန်လည်ကုစားရန် နှစ်ပေါင်းများစွာကြိုးပမ်းကြရပေဦးမည်။ "ပျက်အစဉ် ပြင်ခဏ" စကားပုံကား သူတို့ဖြစ်စဉ်နှင့်မကိုက်ညီဘဲ "ပျက်ခဏ ပြင်ထာဝရ" ဟူသာ စကားပုံအသစ် တီထွင်ဆိုရမည်ကဲ့သို့ပင်။

"ဟုတ်ပါတယ်။ ကျွန်တော်တို့ ဒီမိုကရေစီရလိုက်ပါတယ်။ အကြောက်တရားမရှိဘဲ စကားပြောနိုင်ပါပြီ။ လွတ်လွတ်လပ်လပ် ဆန္ဒပြနိုင်တယ်။ မဲပေးနိုင်တယ်။ ကျွန်တော်တို့အားလုံး ၂၀၀၃ ခုနှစ်မတိုင်မီကနဲ့ မတူတော့ဘူး။ ဒါပေမယ့် တခြားတစ်ဖက်မှာတော့ ကျွန်တော်တို့ ပြစ်မှုကျူးလွန်သူတွေရဲ့ သားကောင်ဖြစ်နေရတယ်။ ကြမ်းကြုတ်ရက်စက်မှုတွေကို ခံစားနေရတယ်။ မချိတင်ကဲ ဝေဒနာတွေခံစားနေရတယ်" ဟု ဘဂ္ဂဒက်မြို့မှ ကျောင်းသားတစ်ဦးဖြစ်သူ ဟူစိန်အလီက ပြောသည်။

"လူသားတစ်ယောက်ရဲ့ အခြေခံအခွင့်အရေးတွေ ပျောက်ဆုံးသွားတဲ့ ကျုပ်တို့အတွက် ဘာဒီမိုကရေစီလို့ ပြောရမှန်းတောင်မသိတော့ပါဘူး" ဟု နေ့စဉ် လမ်းပေါ်တိုက်ပွဲများ၊ ဗုံးခွဲသတ်ဖြတ်မှုများကို စိုးထိတ်ရင်း စီးပွားရှာနေရသူ ဈေးဆိုင်ပိုင်ရှင် ဝါအယ်လ်ကဖာဂျီက ပြောသည်။ မူလကတော့ သူတို့ ဤသို့ကြုံရမည်ကို မည်သို့မျှ မမျှော်လင့်ခဲ့ပါ။ တောင်းခဲ့လျှင်၊ တိုက်ခဲ့လျှင်၊ ပြည်ပတပ်များက ကူညီခဲ့လျှင် အဆုံးသတ်တွင် ဒီမိုကရေစီရလိမ့်မည်ဟုသာ ထင်ခဲ့ကြသည်။ အခြေခံမကျသော၊ မိမိတို့၏ စရိုက်နှင့် မကိုက်ညီသော ဒီမိုကရေစီပုံစံ၏ ဆိုးကျိုးများသာတည်း။

ထိုကဲ့သို့ ဒီမိုကရေစီကို ပြင်ပမှအတင်းအကျပ်သွတ်သွင်းခံလိုက်ရသည် မဟုတ်မူဘဲ အီဂျစ်၊ လစ်ဗျား၊ ဆီးရီးယား၊ ယီမင်၊ ဘာရိန်းတို့ကဲ့သို့ ဒီမိုကရေစီကို အကြမ်းဖက်ဆန္ဒပြခြင်းဖြင့် အင်အားသုံး ဖြုတ်ချပြောင်းလဲရန် ကြိုးစားသူတို့အတွက်လည်း အဖြေက အလားတူပင် မလှမပဖြစ်ခဲ့ရ၏။ အာရပ်နွေဦးဟု လှပသစ်ဆန်းလှစွာဖြင့် အမည်ပေးကင်ပွန်းတပ်ကာ မျက်လှည့်ပြခဲ့ကြသော်လည်း သူတို့ဆောင်ရွက်ခဲ့ကြသည့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး အာရပ်နွေဦးကား သွေးတို့ဖြင့်ခြယ်မှုန်းကာ အမည်နှင့်လုံးလုံးဆန့်ကျင်စွာဖြင့် ဒုက္ခနှင့်ဆင်းရဲခြင်း သံသရာတွင် ဝဲလည်ခြင်းဖြင့်သာ အဆုံးသတ်ရမည်ကဲ့သို့ ဖြစ်နေပေပြီ။ မျိုးနွယ်စုတို့အကြား စိတ်ဝမ်းကွဲခြင်းများသာ ရလဒ်ပေါ်လာခဲ့ပေပြီ။

ထိုသို့သော ထင်ရှားများပြားလှသည့် ဥပမာတို့ကို ဆန်းစစ်ကြည့်ခြင်းအားဖြင့် တည်ငြိမ်အောင်မြင်အေးချမ်းစွာဖြင့် ဒီမိုကရေစီလမ်းကြောင်းသစ်ပေါ်သို့ နိုင်ငံကို ပြောင်းလဲလျှောက်လှမ်းစေနိုင်ခဲ့သော အစိုးရအဟောင်းနှင့် ကြည်ဖြူနားလည်ချောမွေ့စွာဆက်ခံ ပခုံးထမ်းယူနိုင်ခဲ့သော အစိုးရသစ်တို့၏ နိုင်ငံနှင့်ပြည်သူအပေါ်၊ ပြည်ထောင်စုကြီးအပေါ် ထားရှိသည့်စေတနာကို အထင်အရှားတွေ့မြင်နိုင်ပေသည်။ ထိုစေတနာကြောင့်ပင်လျှင် ဤပြည်ထောင်စုကြီး၌ ဖော်ပြခဲ့ပြီးသော နိုင်ငံများကဲ့သို့ ဖြစ်ရပ်ဆိုးများ မကြုံတွေ့ရဘဲ ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ဖြောင့်တန်းညင်သာစွာဖြင့် ရောက်မှန်းမသိ ရောက်ခဲ့ရပေပြီ။ ခိုင်မြဲသော ပြည်ထောင်စုစိတ်ဓာတ်၏ လက်တွေ့ပြယုဂ်ပင်တည်း။

ယခုဆိုလျှင် မိမိတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဖြစ်အောင် ကြိုးပမ်းတည်ဆောက်နေကြပြီဖြစ်ရာ ဤအချိန်အခါတွင် ရှိနေပြီးဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ယခင်ထက်ပိုမိုခိုင်မာအောင် ထိန်းသိမ်းစောင့်ရှောက်ရင်း ပြည်ထောင်စုကြီးကို ဖွံ့ဖြိုးစည်ပင်လာအောင် တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ကြရမည်မှာ သဘာဝကပေးသော သမိုင်းပေးတာဝန်ပင်ဖြစ်ပေသည်။ ထိုသို့တည်ဆောက်ရာတွင် ပြည်ထောင်စုကြီးတစ်ခုလုံးအကြားအလပ်မရှိ အညီအမျှ တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်နေသကဲ့သို့ အစကောင်းမှ အနှောင်းသေချာဆိုသည့်အတိုင်း မဏ္ဍိုင်ကြီး (၃)ရပ်ကို တောင့်တင်းခိုင်မာအောင် ဆောင်ရွက်နေသည်ကိုလည်း တွေ့မြင်နေရပေသည်။ ထို့အတူ ပြည်ထောင်စုကြီးကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ကြရာတွင် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီလုပ်ငန်းစဉ်များအသားကျ တိုးတက်ဖြစ်ထွန်းလာစေရေးတို့ကို အမျိုးသားရေးဦးတည်ချက်များနှင့်အညီ အစဉ်တစိုက် လုပ်ဆောင်ကြရပေမည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့ကို ဆောင်ရွက်ရာ၌ နိုင်ငံတော်သမ္မတကြီးက ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်တွင် ပြည်ထောင်စုလွှတ်တော်၌ ပြောကြားခဲ့သည့် မိန့်ခွန်းပါ ပြောကြားချက်များနှင့်အညီ ဥပဒေတွင်း၊ ဥပဒေပြင်ပမှ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေးအတွက် စေ့စပ်ဆွေးနွေးညှိနှိုင်းမှုများကို ပြုလုပ်ခဲ့သည်။ ငြိမ်းချမ်းရေးဆွေးနွေးကြရာတွင် သက်ဆိုင်ရာတိုင်းရင်းသားအဖွဲ့အစည်းအလိုက် ပြည်သူတို့က ရွေးချယ်တင်မြှောက်လိုက်သည့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရဝန်ကြီးများ၊ ပြည်ထောင်စုအစိုးရဝန်ကြီးများ ပါဝင်ဖွဲ့စည်းသည့် ငြိမ်းချမ်းရေးကိုယ်စားလှယ် အဖွဲ့များစေလွှတ်၍ တွေ့ဆုံဆွေးနွေးခဲ့သည်။

စတင်တာဝန်ယူချိန်မှစ၍ နိုင်ငံတော်အစိုးရ၏ တိုင်းရင်းသားလက်နက်ကိုင်များနှင့် ငြိမ်းချမ်းရေးရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများနှင့် ယခင်ထက်ပို၍ ထင်ရှားပွင့်လင်းမြင်သာသော အပေးအယူသဘောထားတို့ကို တိုင်းရင်းသားလက်နက်ကိုင်တို့က သိမြင်လာကြသည့်အလျောက် ယနေ့တိုင် ငြိမ်းချမ်းရေးမရယူနိုင်သေးသည့် ကြွင်းကျန်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနက် ယခုအခါ အဖွဲ့ငါးဖွဲ့သည် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ထာဝရငြိမ်းချမ်းရေး လမ်းကြောင်းပေါ်သို့ တက်လှမ်းနိုင်ခဲ့ပေပြီ။ ထို့အပြင် အဖွဲ့လေးဖွဲ့သည် ပြည်နယ်အဆင့် ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးနိုင်ခဲ့ကာ ပြည်ထောင်စုအဆင့်နှင့် ဆက်လက်ဆွေးနွေးနေပြီဖြစ်သကဲ့သို့ အခြားတစ်ဖွဲ့သည်လည်း ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးနိုင်ရန် ဆွေးနွေးဆောင်ရွက်မှုများ ဆောင်ရွက်နေပြီဖြစ်သည်ကို ဝမ်းမြောက်ဖွယ်ရာ ကြားသိခဲ့ရပေပြီ။ ကျန်တစ်ဖွဲ့နှင့်လည်း ထိတွေ့ဆွေးနွေးမှုများ ဆောင်ရွက်နေပြီဖြစ်ရာ များမကြာမီကာလတွင် ရွှေချိုးကူသံတို့ နိုင်ငံအနှံ့ ပျံ့လွင့်ပေဦးတော့မည်။

ထို့အပြင် အဆင်မပြေခဲ့စဉ်က လတ်တလောအခြေအနေအရရှောင်တိမ်းခဲ့ကြရသူများအတွက် ရိက္ခာ၊ ဆေးဝါးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအထောက်အပံ့များကို နိုင်ငံတော်အစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ လူမှုရေးပရဟိတ အဖွဲ့အစည်းများပူးပေါင်းလျက် ပို့ဆောင်ပေးခဲ့သည်။ ဤသို့ ညီအစ်ကို မောင်နှမအရင်းသဖွယ် သဘောထားကာ စိတ်ရင်းစေတနာအမှန် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် စိတ်ရှည်သည်းခံကာ ဆောင်ရွက်နေပေရာ ကျန်အဖွဲ့များသည်လည်း ငြိမ်းချမ်းရေးပန်းတိုင်ကို အနေးနှင့်အမြန် လှမ်းကိုင်ပန်းဝင်လာကြပေလိမ့်မည်။

ထိုသို့ ငြိမ်းချမ်းရေးသဘောတူ ချစ်ကြည်ဖြူကြပြီဖြစ်သည့် နယ်မြေများတွင် ပြည်သူတို့အတွက် အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုက အာမခံနိုင်ပြီဖြစ်ရာ အဆိုပါဒေသများတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များ ဖော်ထုတ်ထူထောင်ခြင်း၊ အလုပ်အကိုင်ဖန်တီးပေးခြင်း၊ ဒေသခံလူထု၏ ဝင်ငွေနှင့်လူမှုဘဝမြင့်မားရေးဆောင်ရွက်ပေးခြင်း စသည့် လုပ်ငန်းများကို အင်နှင့်အားနှင့် ဖော်ဆောင်နေပြီဖြစ်သည်မှာ ကြည်နူးစရာသာ ဖြစ်ပေတော့သည်။

လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့များ၊ နိုင်ငံတစ်ဝန်းလုံးကို အ[...] အဖွဲ့အစည်းများအနေဖြင့်လည်း ပြည်ထောင်စုကြီးကို ဤမျှအခြေ[...] မိမိတို့၏ မူဝါဒကို အသေဆုပ်ကိုင်လျက် အငြင်းပွားနေကြမည့်အ[...] ဆိုနေကြမည့်အစား မတူသည်များကို အသာထား၍ တူသည်များကို [...] ဆောင်ရွက်ကြမည်ဆိုလျှင် ကြီးပွားတိုးတက်အရာထင်မည့် ရေခံမြေ[...] အတွင်း ရှိပြီးဖြစ်ပေသည်။ ဤရေ ဤမြေ ဤပြည်ထောင်စုသ[...] သက်ဆိုင်သည့် ရေမြေဖြစ်သည့်အလျောက် ပြည်ထောင်စုကြီး [...] မသွားရေးကိုလည်း ပြည်ထောင်စုတိုင်းရင်းသား နိုင်ငံသားတိုင်းအားလုံ[...] သွားကြရမည်သာ ဖြစ်ပေသည်။

အခြေခံဥပဒေသစ်နှင့်အညီ ဒီမိုကရေစီအခြေခံသော ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံသစ်ကို ရည်မှန်းတည်ဆောက်ဖော်ဆောင်လျက်ရှိရာတွင် ဒီမိုကရေစီနည်းလမ်းတကျ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သော အစိုးရအဖွဲ့သစ်အနေဖြင့်လည်း ပြည်သူများလိုလားသည့် ပြုပြင်ပြောင်းလဲရေး၊ အေးချမ်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို တစိုက်မတ်မတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ဒီမိုကရေစီလုပ်ထုံးလုပ်နည်းများကို ပိုမိုအကောင်အထည်ဖော်နိုင်မည့် ဥပဒေသစ်များပြဋ္ဌာန်းခြင်းနှင့် ဥပဒေဟောင်းများကို ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းခြင်းအပါအဝင် ဥပဒေပေါင်း (၁၅)ခုကို အတည်ပြုပြဋ္ဌာန်းပေးနိုင်ခဲ့ပြီး ဖြစ်ပေသည်။ ဆက်လက်၍လည်း နိုင်ငံတော်နှင့်ပြည်သူတို့၏ လိုအပ်ချက်ရှိလာပါက ပြုပြင်ပြောင်းလဲပေးသွားမည်သာ ဖြစ်ပေသည်။ "ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်" ဆိုသည့်အတိုင်း တိုင်းရင်းသားပြည်သူတို့၏ ရင်ထဲမှ အသံတို့ကို ကိုယ်စားလှယ်များမှတစ်ဆင့် လွှတ်တော်က ပုံဖော်ဆောင်ရွက်သွားရင်းဖြင့် ဒီမိုကရေစီပျိုးပင်ကို ရင့်သန်ဖွံ့ထွားစေပေလိမ့်မည်။

ပြည်သူများ၊ တောင်သူလယ်သမားများနှင့် အလုပ်သမားများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးလာစေရန် တတ်နိုင်သမျှ ကူညီဆောင်ရွက်ရမည်ဟူသည့် အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံတော်လူဦးရေ၏ ၇၀ ရာခိုင်နှုန်းမျှသော တိုင်းရင်းသား ပြည်သူများနေထိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးစီမံချက်ကို ၂၀၁၁ ခုနှစ် ဇူလိုင်လမှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့အထိ ကာလသတ်မှတ်ပြီး လုပ်ငန်းကဏ္ဍ(၈)ရပ်ချမှတ်ကာ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နေပြီဖြစ်သည်။ ပြည်ထောင်စုကြီးတစ်ခုလုံး၌ မြို့နယ်ပေါင်း ၃၃၀၊ မြို့နယ်ခွဲ ၈၂ ခုရှိပေရာ

လှိုင်ဘွား (ပါရမီ)

၏ တိုင်းရင်းသားလက်နက်
ကြိုးပမ်းဆောင်ရွက်မှုများနှင့်
ယူအဆသဘောထားတို့ကို
သည့်အလျောက် ယနေ့တိုင်
ရင်းသားလက်နက်ကိုင်အဖွဲ့
င်စုအဆင့် ငြိမ်းချမ်းရေး
ကြောင်းပေါ်သို့ တက်လှမ်း
ဆင့် ငြိမ်းချမ်းရေးလက်မှတ်
က်ဆွေးနွေးနေပြီဖြစ်သကဲ့
တ်ရေးထိုးနိုင်ရန် ဆွေးနွေး
မ်းမြောက်ဖွယ်ရာ ကြားသိ
များ ဆောင်ရွက်နေပြီဖြစ်ရာ
ပုံ့လွင့်ပေဦးတော့မည်။
အခြေအနေအရရှောင်တိမ်း
းချင်းစာနာထောက်ထားမှု
က်အစိုးရနှင့် နိုင်ငံတကာ
းပူးပေါင်းလျက် ပို့ဆောင်
သဖွယ် သဘောထားကာ
ရင်းခံဖြင့် စိတ်ရှည်သည်းခံ
း ငြိမ်းချမ်းရေးပန်းတိုင်ကို
ည်။
ကြပြီဖြစ်သည့် နယ်မြေများ
ခြုံမှုက အာမခံနိုင်ပြီဖြစ်ရာ
တွက် စက်မှုဇုန်များ၊ အထူး
လုပ်အကိုင်ဖန်တီးပေးခြင်း၊
ဆောင်ရွက်ပေးခြင်း စသည့်
ပြီဖြစ်သည်မှာ ကြည်နူးစရာ

ခံသော ဈေးကွက်စီးပွားရေး
စ်ကို ရည်မှန်းတည်ဆောက်
ကျ ဖြစ်ထွန်းပေါ်ပေါက်
သူများလိုလားသည့် ပြုပြင်
တက်ရေးလုပ်ငန်းစဉ်များကို
လျက်ရှိရာတွင် ဒီမိုကရေစီ
က်နိုင်မည့် ဥပဒေသစ်များ
ွက် ပြဋ္ဌာန်းခြင်းအပါအဝင်
း ဖြစ်ပေသည်။ ဆက်လက်
လာပါက ပြုပြင်ပြောင်းလဲ
တ်တော်အသံ၊ ပြည်သူ့ဆန္ဒ
ာ်တော်ကဖော်ဆောင်ရွက်”
 အသံတို့ကို ကိုယ်စားလှယ်
းရင်းဖြင့် ဒီမိုကရေစီပျိုးပင်

လုပ်သမားများ လူမှုစီးပွား
ရွက်ရမည်ဟူသည့် အခြေခံ
ရ၏ ၇၀ ရာခိုင်နှုန်းမျှသော
သဖွံ့ဖြိုးတိုးတက်ရေးအတွက်
ျာချရေးစီမံချက်ကို ၂၀၁၁
နှ့အထိ ကာလသတ်မှတ်ပြီး
 ဆောင်ရွက်နေပြီဖြစ်သည်။
၊ မြို့နယ်ခွဲ ၈၂ ခုရှိပေရာ

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ❐ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ပြည်ထောင်စုကြီး ထာဝရအစွန့်ရှည်တည်တံ့ ခိုင်မြဲအောင် တည်ဆောက်ရေး။
- ❐ ဒို့တာဝန်အရေးသုံးပါးကို ပြည်ထောင်စုသားအားလုံးက အစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
- ❐ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားအောင် ဖော်ဆောင်ရေး။
- ❐ ပြည်ထောင်စုတိုင်းရင်းသားအားလုံးအတွက် ထာဝရငြိမ်းချမ်းမှုရရှိအောင် ကြိုးပမ်းဆောင်ရွက်ရေး။
- ❐ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီကို ကျင့်သုံးပြီး ပြည်ထောင်စုကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

ထိုအထဲ၌ တိုင်းရင်းသားအများစု နေထိုင်ရာဒေသများလည်း ပါဝင်နေပြီး ကျောသား ရင်သားမခွဲ တိုင်းရင်းသားအားလုံးအတွက် တစ်ပြေးညီ ဆောင်ရွက်နေပြီဖြစ်သည်။ ယခင်က လုံခြုံရေးကိစ္စအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် အရောက်အပေါက်နည်းခဲ့ရသော သွေးချင်းတို့ဒေသများမှ လိုအပ်ချက်များသည်လည်း ဤခေတ် ဤအခါရောက်မှသာ ၎င်းတို့ကိုယ်တိုင် ရွေးချယ်တင်မြှောက်လိုက်သည့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၏ စုံလင်လေးနက်စွာ တင်ပြမှုကြောင့် လွှတ်တော်တွင် ဆွေးနွေးခံရကာ သတင်းစာ စာမျက်နှာများတွင် ဝက်ဝက်ကွဲဖော်ပြခံရလျက် ပြည်သူအားလုံးလည်း သိကြားနားလည်ကိုယ်ချင်းစာနာနိုင်ခဲ့ပေပြီ။ ဤသည်ပင်လျှင် ငြိမ်းချမ်းခြင်းရောင်နီ၏ ရှေ့ပြေးအလင်းရောင်တစ်ခု ဖြစ်ခဲ့ပေမည်။

ယခင်က ပြည်ထောင်စုသားအချို့တို့အကြား စိတ်ဝမ်းကွဲပြားမှုကြောင့် လုံခြုံရေးအားနည်းခဲ့ခြင်းနှင့် အမြတ်အစွန်းရှေ့တန်းတင်သည့် စီးပွားရေးပုံစံတို့ကြောင့် တိုင်းရင်းသားဒေသများတွင် ရင်းနှီးမြှုပ်နှံမှုနည်းပါးခဲ့ရသော်လည်း ယခုအခါ တနင်္သာရီတိုင်းဒေသကြီးတွင် ထားဝယ်ရေနက်ဆိပ်ကမ်း အထူးစီးပွားရေးဇုန်၊ ရခိုင်ပြည်နယ်တွင် ကျောက်ဖြူရေနက်ဆိပ်ကမ်းအထူးစီးပွားရေးဇုန် စသည့် Mega Projectစီးပွားရေးလုပ်ငန်းကြီးတို့ကို ဖော်ဆောင်နိုင်ခဲ့ပြီဖြစ်သည်။ ဤသို့အားဖြင့် ဒေသခံတိုင်းရင်းသားတို့အတွက် မည်သည့်ခေတ်ကမျှ မကြုံဖူးသည့် စီးပွားရေးအခွင့်အလမ်းများ၊ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ထွန်းလာမည်ဖြစ်ရာ ပြည်ပသို့ တရားမဝင် အလုပ်သမားများအဖြစ် သွားရောက်လုပ်ကိုင်နေရသည့် အခက်အခဲကို အောင်မြင်စွာ ကျော်လွှားနိုင်ပေတော့မည်။ ထိုသို့ ဆောင်ရွက်ပေးခြင်းမျှသာမက တိုင်းရင်းသားပြည်သူလူထု၏ ဆန္ဒသဘောထားနှင့် မညီညွတ်ပါကလည်း မည်သည့်ကဏ္ဍတွင် မည်မျှအကျိုးအမြတ်ရှိသည်ဖြစ်စေ ပြည်သူတို့ကိုသာ ဦးစားပေး၍ နောက်ဆုတ်ရန် ဝန်မလေးခဲ့သည်ဖြစ်ရာ ကချင်ပြည်နယ်မှ ပြည်သူအများစုပါဝင်သော ပြည်သူတို့၏ဆန္ဒအရ ဆောင်ရွက်ဆဲ မြစ်ဆုံတမံရေအားလျှပ်စစ်စီမံကိန်းကို အဆုံးရှုံးခံ၍ ရပ်ဆိုင်းပေးခဲ့ပေသည်။

ဤမည်သော ပြည်ထောင်စုကြီး၏ စည်းချက်ညီသော အရှေ့တို့က အရေးပါလှသည့် ဖြစ်စဉ်တို့ကို ဖော်ဆောင်နိုင်ခဲ့ပေရာ အာဆီယံဒေသတွင်း အသင်းဝင်နိုင်ငံများ၏ ယုံကြည်မှုကို ရယူတည်ဆောက်နိုင်ခဲ့ပြီး ၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် အင်ဒိုနီးရှားနိုင်ငံ ဘာလီအာဆီယံထိပ်သီး ညီလာခံ၌ ၂၀၁၄ ခုနှစ်အတွက် အာဆီယံအလှည့်ကျဥက္ကဋ္ဌနေရာကို မြန်မာနိုင်ငံအား တညီတညွတ်တည်း တာဝန်ပေးအပ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပေသည်။ ထို့မျှမက မြန်မာနိုင်ငံနှင့်ဆက်ဆံရေးတွင် ကာလအတန်ကြာ အေးစက်နေခဲ့သော အမေရိကန်ပြည်ထောင်စုအပါအဝင် အနောက်နိုင်ငံများနှင့်ဆက်ဆံရေး ပြန်လည်တိုးတက်လာခဲ့သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စစ် ဟီလာရီကလင်တန်၏ ခရီးစဉ်ကဲ့သို့သော မြန်မာနိုင်ငံသို့ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးတစ်ဦး၏ နှစ်ပေါင်း ငါးဆယ်ကျော်ကာလအတွင်း ပထမဆုံး ခရီးစဉ်မျိုးလည်း ရှိလာခဲ့သည်။ ထိုခရီးစဉ်နောက်ပိုင်းတွင် စင်ကာပူ၊ ဗြိတိန်နှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးများ၏ ခရီးစဉ်များ၊ အနောက်နိုင်ငံများမှ ဝန်ကြီးများ အပါအဝင် အဆင့်မြင့်အရာရှိကြီးများ၏ ခရီးစဉ်များလည်း မှိုပွင့်သကဲ့သို့ ငွားစွင့် ပေါ်ထွန်းလာခဲ့သည်။

ပြည်ထောင်စုကြီးကို ငြိမ်းချမ်းတည်ငြိမ်စွာဖြင့် ဒီမိုကရေစီလမ်းကြောင်း ပေါ်ရောက်အောင် ဆောင်ရွက်ရင်းနှင့်ပင် နိုင်ငံတော်သမ္မတကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံတို့သို့လည်း ချစ်ကြည်ရေး အလည်အပတ်ခရီးသွားရောက်ခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံသို့လည်း အာဆီယံထိပ်သီးအစည်းအဝေးတက်ရင်း ချစ်ကြည်ရေးခရီးလည်ပတ်ခဲ့သည်။ မြန်မာနိုင်ငံသို့လည်း ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လက်ရှင်နာဝပ်၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံဝန်ကြီးချုပ် မစ္စ ရှိတ်ဟာဆီနာဝါဇိတ်နှင့် ဘယ်လာရုစ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာမီခေးလ်မီ့မီယာစနီကိုဗစ်ချ်တို့သည် ချစ်ကြည်ရေးခရီး လာရောက်ခဲ့ကြသည်။ ခိုင်မြဲသော ပြည်ထောင်စုကြီးဖြစ်ခြင်းက နိုင်ငံနှင့်တကွ တိုင်းရင်းသားပြည်သူတို့ကို သိက္ခာတက်စေလျက် ဧည့်ကောင်းတို့ကို စိတ်ဝင်စားသကဲ့သို့ ထိုဧည့်သည်တို့ကလည်း ခိုင်မြဲသော ပြည်ထောင်စုကြီးကို ပိုမိုခိုင်မြဲစေရေး ပံ့ပိုးပေးပြန်သည်။

ပြည်ထောင်စုကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် တိုင်းရင်းသားပြည်သူတို့၏ အခန်းကဏ္ဍသည် အခြေခံကျလှပေရာ တိုင်းရင်းသားအချင်းချင်းစည်းလုံးညီညွတ်ပြီး တိုင်းပြည်ငြိမ်းချမ်းမှသာ ဒီမိုကရေစီစနစ်ကို ထိရောက်စွာ ကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပေသည်။ ထိုသို့ ဒီမိုကရေစီစနစ်ကျင့်သုံးဆောင်ရွက်ရင်းဖြင့် ပြည်ထောင်စုကြီးဖွံ့ဖြိုးတိုးတက်သည့်အခါ တိုင်းရင်းသားပြည်သူတို့၏ လူမှုစီးပွားရေးဘဝမှာလည်း တိုးတက်မြင့်မားလာမည် ဖြစ်ပေသည်။ သို့ဖြစ်ရာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် ဤပြည်ထောင်စုကြီးအတွက် မရှိမဖြစ် အထူးလိုအပ်လှပေသည်။

ယနေ့ အချိန်အခါသည်ကား ပြည်ထောင်စုကြီးကို ဒီမိုကရေစီစနစ်အခြေခံလျက် အသစ်တစ်ဖန် တည်ဆောက်နေရချိန်ဖြစ်ရာ ရှုန်းကန်လှုပ်ရှားစွန့်စားရမည့် စိန်ခေါ်မှုများနှင့်အတူ အခွင့်အလမ်းကောင်းများလည်း ရှိပေသည်။ ထိုစိန်ခေါ်မှုများကို ပြည်ထောင်စုစိတ်ဓာတ်အခြေခံလျက် ရင်ဆိုင်ကျော်လွှားကာ အခွင့်အလမ်းကောင်းတို့ကို အမိအရ ဆုပ်ကိုင်ထားရန် လိုအပ်ပေသည်။

လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့များ၊ နိုင်ငံတစ်ဝန်းလုံးကို အခြေတည်ထားသည့် နိုင်ငံရေးအဖွဲ့အစည်းများအနေဖြင့်လည်း ပြည်ထောင်စုကြီးကို ဤမျှအခြေခိုင်သည်အထိ တည်မိပြီးဖြစ်ရာ မိမိတို့၏ မူဝါဒကို အသေဆုပ်ကိုင်လျက် အငြင်းပွားနေကြမည့်အစား၊ အမြင်မှား အပြစ်စကားဆိုနေကြမည့်အစား မတူသည်များကို အသာထား၍ တူသည်များကို စည်းလုံးညီညွတ်စွာဖြင့် ရိုင်းပင်းဆောင်ရွက်ကြမည်ဆိုလျှင် ကြီးပွားတိုးတက် အရာထင်မည့် ရေခံမြေခံကောင်းတို့က ပြည်ထောင်စုအတွင်း ရှိပြီးဖြစ်ပေသည်။ ဤရေ ဤမြေ ဤပြည်ထောင်စုသည် တိုင်းရင်းသားအားလုံးနှင့်သက်ဆိုင်သည့် ရေမြေဖြစ်သည့်အလျောက် ပြည်ထောင်စုကြီး နိမ့်လျှောတိမ်မြုပ်ပျောက်ကွယ်မသွားရေးကိုလည်း ပြည်ထောင်စုတိုင်းရင်းသားနိုင်ငံသားတိုင်းအားလုံး ဝိုင်းဝန်းစောင့်ရှောက်ကာကွယ်သွားကြရမည်သာ ဖြစ်ပေသည်။

ားအဖွဲ့များ၊ နိုင်ငံတစ်ဝန်းလုံးကို အခြေတည်ထားသည့် နိုင်ငံရေး
း ပြည်ထောင်စုကြီးကို ဤမျှအခြေခိုင်သည်အထိ တည်မိပြီးဖြစ်ရာ
်ကိုင်လျက် အငြင်းပွားနေကြမည့်အစား၊ အမြင်မှား အပြစ်စကား
ျားကို အသာထား၍ တူသည်များကို စည်းလုံးညီညွတ်စွာဖြင့် ရိုင်းပင်း
ီးပွားတိုးတက်အရာထင်မည့် ရေခံမြေခံကောင်းတို့က ပြည်ထောင်စု
ဤရေ ဤမြေ ဤပြည်ထောင်စုသည် တိုင်းရင်းသားအားလုံးနှင့်
ည့်အလျောက် ပြည်ထောင်စုကြီး နိမ့်လျှောတိမ်မြုပ် ပျောက်ကွယ်
စုတိုင်းရင်းသား နိုင်ငံသားတိုင်းအားလုံး ဝိုင်းဝန်းစောင့်ရှောက်ကာကွယ်
ည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ပြည်ထောင်စုတိုင်းရင်းသားတို့၏ အခန်းကဏ္ဍသည် အခြေခံကျပြီး ယင်းတို့ကို အခြေတည်သည့် နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ နိုင်ငံတော်ကာကွယ်ရေးအင်အားတို့ တောင့်တင်းခိုင်မာရန်လည်း အထူးလိုအပ်လှပေသည်။ နိုင်ငံရေးအင်အားဖြစ်သည့် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ပြီး ပြည်ထောင်စုကြီး ငြိမ်းချမ်းမှသာ ဒီမိုကရေစီစနစ်ကို ထိရောက်စွာ ကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပေသည်။ ဒီမိုကရေစီစနစ်ကျင့်သုံးပြီး ပြည်ထောင်စုကြီးဖွံ့ဖြိုးတိုးတက်မှသာ တိုင်းရင်းသားပြည်သူတို့၏ လူမှုစီးပွားရေးဘဝမှာလည်း တိုးတက်မြင့်မားလာမည် ဖြစ်ပေသည်။

စီးပွားရေးအင်အား တောင့်တင်းရန်အတွက်လည်း တိုင်းရင်းသားပြည်သူတို့၏ ပူးပေါင်းပါဝင်မှုလိုအပ်ပေသည်။ နိုင်ငံတစ်ဝန်း နေရာအနှံ့အပြားတွင် ပြန့်ကျဲတည်ရှိနေသော သယံဇာတတို့ကို ထုတ်ယူရန်အတွက်လည်းကောင်း၊ စိုက်ပျိုးရေးကိုအခြေခံသော စက်မှုနိုင်ငံထူထောင်ရေးအတွက်လည်းကောင်း နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူတို့၏ တညီတညွတ်တည်းအားထုတ်မှု လိုအပ်ပေမည်။ တိုင်းရင်းသားအားလုံးမျိုးစုံပါဝင်သည့် အသိပညာရှင် အတတ်ပညာရှင် လူသားအရင်းအမြစ်အုပ်စုကြီးကသာ သဘာဝသယံဇာတတို့ကို စနစ်တကျအသုံးချလျက် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးကို ဖော်ဆောင်နိုင်ပေလိမ့်မည်။

ဤသော စည်းလုံးညီညွတ်မှုသရုပ်သကန်သည်ကား မြစ်မင်းဧရာ၏ ရင်ခွင်ထဲမှ ညီညာစုစည်းခရီးနှင်လာသော ဝါးဖောင်တို့နှယ်တည်း။ မြစ်မင်းဧရာကို ကမ္ဘာ့ဇာတ်ခုံအဖြစ် မြင်ကြည့်မည်ဆိုလျှင် ညီညွတ်မှုပျက်ပြားသွားသော နိုင်ငံအချို့တို့ကို အစည်းပြေလျက် ဖွဲ့စည်းပုံပျက်ကာ ပတ်ဝန်းကျင်ကို ဒုက္ခပြုနေသော ဝါးဖောင်တို့အဖြစ်လည်းကောင်း၊ စည်းလုံးညီညာလျက် ဖွံ့ဖြိုးစည်ပင်သောနိုင်ငံတို့ကို သေသပ်ကျနလှပစွာ ခရီးနှင်နေသော ဝါးဖောင်တို့အဖြစ်လည်းကောင်း နှိုင်းယှဉ်၍ ရကောင်းပေလိမ့်မည်။ ထိုသော ပြိုပျက်သွားသည့် ဝါးဖောင်တို့မှ ဝါးတို့သည်ကား သူတစ်ချောင်း ကိုယ်တစ်ချောင်း ဆွဲယူခံရလျက် ဖရိုဖရဲထပ်မံဖြစ်ကြရပြန်လေရာ ထိုဖြစ်အင်ကား မိမိတို့ ပြည်ထောင်စုကြီးနှင့် လားလားမျှမလျော်၊ ရှောင်ကြဉ်သော်မှ သင့်ပေမည်။ သို့ဖြစ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး၏ ပြည်ထောင်စုသား တိုင်းရင်းသားတို့ကား ရှိပြီးသားစည်းလုံးမှုကို အခြေတည်လျက် အနာဂတ် ရည်မှန်းချက်ဖြစ်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးသို့ (၆၅) နှစ်မြောက် ပြည်ထောင်စုနေ့အမျိုးသားရေးဦးတည်ချက်များနှင့်အညီ ချီတက်လှျောက်လှမ်းကြမှသာ မြန်မာဟူသောအမည်ကို ကမ္ဘာကုန်သည်အထိ မော်ကွန်းတင်နိုင်မည် ဖြစ်ပေတော့သည်။ ။



ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်သူ့ဆေးရုံ၊ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းများကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၈

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် ဖေဖော်ဝါရီ ၃ ရက် နံနက် ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ရှိ ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ဌေး၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုအုပ်နှင့် သူနာပြုဆရာမများအား တွေ့ဆုံသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် နံနက် ၁၀ နာရီခွဲတွင် ပခုက္ကူမြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီးဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ **(ယာပုံ)** အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာသင်းသင်းအေးနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများနှင့်တွေ့ဆုံသည်။

ယင်းနောက် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းသို့ သွားရောက်၍ သင်တန်းသူများ၏ စာသင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးပြီး စာသင်ခန်း(၁)၌ ကျောင်းအုပ်ကြီး ဒေါ်ဖြူဖြူထွန်းနှင့် သင်ကြားရေးဆရာမများ၊ သင်တန်းသူများနှင့် တွေ့ဆုံသည်။

ထို့နောက် ရေစကြိုမြို့နယ် ပြည်သူ့ဆေးရုံ၌ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သင်တန်းခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး၊ ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများနှင့် တွေ့ဆုံသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြိုင်မြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်၍ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ သစ်လွင်နှင့် ဆရာဝန်၊ သူနာပြုများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးပြခန်းပြသ

လွိုင်ကော် ဖေဖော်ဝါရီ ၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံး(လွိုင်ကော်)နှင့် ပြည်နယ်ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ လွိုင်ကော်မြို့၌ ကျင်းပသည့် နှစ်(၆၀)ပြည့် ကယားပြည်နယ်နေ့ပွဲတော်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးပြခန်းကို ဇန်နဝါရီ ၁၀ ရက်မှ ၁၈ ရက်အထိပြသခဲ့သည်။ **(အပေါ်ပုံ)** အဆိုပါပြခန်းသို့ ကယားပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် တိုင်းရင်းသားပြည်သူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ပုဗ္ဗသီရိမြို့နယ်စာပေနှင့်စာနယ်ဇင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၈

ပုဗ္ဗန်တောင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပညာ့ဗိမာန်စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်အောင် (သတင်းထောက်ခင်အောင်) နှင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးခင်ဆွေ(ဆရာရွှေစွန်ညို)တို့က အမှာစကားပြောကြားကြပြီး မြို့နယ်အတွင်းရေးမှူး ဦးသန်းထွန်း (သီဟရေဝတီ)က နှစ်ပတ်လည်အစည်းအဝေးအစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။ ထို့နောက် တွဲဖက်အတွင်းရေးမှူး ဦးစန်းမြင့် (ရေကျော်စိုးအောင်)က မြို့နယ်အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာကို ဖတ်ကြားတင်ပြအတည်ပြုသည်။ ဆက်လက်၍ အဖွဲ့ရန်ပုံငွေအလှူငွေ ပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ နာယကများနှင့် အဖွဲ့ဝင်များက ရန်ပုံငွေအဖြစ် အလှူငွေများ လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ (၁၂၅)

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာရင်းကိုင်-၃ ရာထူး ရေးဖြေစာမေးပွဲဖြေဆိုအောင်မြင်သူများ၏ စာရင်းထုတ်ပြန်

ရန်ကုန် ဖေဖော်ဝါရီ ၈

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအဖွဲ့ အစည်းအသီးသီးတွင် လစ်လပ်လျက်ရှိသော စာရင်းကိုင်-၃ (လစာနှုန်း ကျပ် ၅၃၀၀၀-၁၀၀၀-၅၈၀၀၀) ရာထူးနေရာများအတွက် ဇန်နဝါရီ ၂၈ ရက်တွင် ရေးဖြေစာမေးပွဲကျင်းပခဲ့ရာ ဖြေဆိုအောင်မြင်သူ ၂၇ ဦး၏ စာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်သည်။

အောင်မြင်သူများမှာ ခုံအမှတ် ၁၊ ၆၊ ၇၊ ၉၊ ၁၃၊ ၁၇၊ ၁၈၊ ၁၉၊ ၂၁၊ ၂၃၊ ၂၇၊ ၃၃၊ ၃၄၊ ၄၄၊ ၄၆၊ ၄၈၊ ၅၅၊ ၅၆၊ ၆၃၊ ၆၇၊ ၇၀၊ ၇၃၊ ၈၂၊ ၈၅၊ ၈၉၊ ၁၁၁၊ ၁၁၂ တို့ဖြစ်သည်။

ရေးဖြေစာမေးပွဲအောင်မြင်သူများသည် ဖေဖော်ဝါရီ ၁၈ ရက်(စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း အမှတ် (၂၁၂)ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရန်ကုန်ရုံး)၌ လူတွေ့စစ်ဆေးမည်ဖြစ်ရာ ဖေဖော်ဝါရီ ၁၇ ရက်(သောကြာနေ့) ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက် သတင်းပို့ကြရမည်ဖြစ်သည်။ **(သတင်းစဉ်)**

* ကျော့ဖုံးမှ

ချောင်ချောင်ကလေး၏ မိဘနှစ်ပါးစလုံးမှာ သာမန်အရပ်အမောင်းနှင့် ကိုယ်အလေးချိန်ရှိသူများဖြစ်ပြီး ယခုလိုထွားလွန်းသည့်ကလေးငယ် မွေးဖွားလိုက်သည်မှာ ဖြစ်လေ့ဖြစ်ခဲမရှိကြောင်း သတင်းစာတွင်ဖော်ပြသည်။

တရုတ်မှတ်တမ်းတွင် ယင်းကလေးငယ်ကို မှတ်တမ်းတင်ဖို့အရေးမှာ သေချာမစိစစ်ရသေးသဖြင့် လက်တလောမဖြစ်နိုင်သေးကြောင်းလည်း အဆိုပါ သတင်းစာက ဖော်ပြသည်။

ဂင်းနက်စ်ကမ္ဘာ့စံချိန်မှတ်တမ်းတွင် ကိုယ်အလေးချိန်အများဆုံးအဖြစ် မှတ်တမ်းတင်ထားသောကလေးငယ်မှာ ၁၈၇၉ ခုနှစ်ဖွား အမေရိကန်အိုဟိုင်းယိုးပြည်နယ်မှ ၂၃ ဒသမ ၇ ပေါင်ရှိ ကလေးငယ်ဖြစ်သည်။ ***(အင်တာနက်)***

ဓနုဖြူမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်

ဓနုဖြူ ဖေဖော်ဝါရီ ၈

ဧရာဝတီတိုင်းဒေသကြီးကျန်းမာရေး ဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့၊ ဓနုဖြူမြို့ကရုဏာရှင်အဖွဲ့၊ ဓနုဖြူမြို့နယ် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၈ နာရီမှ စ၍ ညနေ ၄ နာရီအထိ ဓနုဖြူမြို့ ပြည်သူ့ဆေးရုံ၌ ပြုလုပ်ခဲ့သည်။ အဆိုပါ ကျန်းမာရေးစောင့်ရှောက်ကုသမှုများတွင် အထွေထွေရောဂါ အထူးကုသမားတော်ကြီးနှင့် ဆရာဝန်များ၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ အကြော၊ အဆစ် ပြန်လည်သန်စွမ်းရေးအထူးကု၊ ကလေးရောဂါအထူးကု၊ သားဖွားနှင့် မီးယပ်အထူးကု၊ အရေပြားရောဂါအထူးကု၊ ခွဲစိတ်ရောဂါ အထူးကုဆရာဝန်ကြီးများနှင့် တိုင်းရင်းဆေးသမားတော်ကြီးများက စမ်းသပ်ကုသပေးခဲ့ကြသည်။ ကုသပေးခဲ့သော လူနာပေါင်း ၁၂၀၀ ကျော်ရှိပြီး ခွဲစိတ်ကုသရန် လိုအပ်သော လူနာများအား အထူးကုဆေးရုံကြီးများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရှိရသည်။ (၀၄၃)

စာပေမြင့်မှ လူမျိုးတင့်မည်

ကွန်ပျူတာနှင့် ရုံးလုပ်ငန်းအခြေခံသင်တန်းဆင်း

ရန်ကုန် ဖေဖော်ဝါရီ ၈

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာနှင့်ရုံးလုပ်ငန်းအခြေခံသင်တန်းအမှတ်စဉ် (၃၀)သင်တန်းဆင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၈ နာရီက ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ၌ ကျင်းပရာ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးအောင်မြင့်ထွန်း တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။ သင်တန်းတွင် ပထမဆုရရှိသော ရေးမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ အကြီးတန်းစာရေး ဦးမျိုးသန့်စိုး၊ ဒုတိယဆုရရှိသော စစ်ဆေးရေးနှင့် ဥပဒေအကျိုးဆောင်ဌာနခွဲမှ ရုံးအကူ/စာပို့ ဒေါ်ခင်ညိုညိုသင်းနှင့် တတိယဆုရရှိသော မော်လမြိုင်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ အငယ်တန်းစာရေး ဦးစိုးသူအောင် တို့အား ဆုများချီးမြှင့်ပေးပြီးနောက် သင်တန်းသားခေါင်းဆောင်ကို သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(ပြည်တွင်းအခွန်)**

ကျေးရွာစာကြည့်တိုက်များသို့ မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံလှူဒါန်း

ညောင်ဦး ဖေဖော်ဝါရီ ၈

ညောင်ဦးခရိုင်တွင် ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတ မြင့်မားလာစေရန်နှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ် ၍ ဖေဖော်ဝါရီ ၂ ရက်က အလှူရှင် ဦးသန်းညိန်း(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)-ဒေါ်ခင်သွယ်သွယ်မြင့် [ညွှန်ကြားရေးမှူး၊ (ငြိမ်း)၊ ရသုံးမှန်းခြေဦးစီးဌာန] မိသားစုက ငွေကျပ် ၆၉၉၃၀၀ တန်ဖိုးရှိ မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံ ၈၃၉ စောင်ကို ညောင်ဦး ခရိုင်ပြန် ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ လှူဒါန်းခဲ့ရာ ဦးစီးအရာရှိ ဒေါ်တင်မြလွင်က လက်ခံယူပြီး ညောင်ဦးခရိုင်အတွင်းရှိ သုတ ရသစာအုပ်များ လိုအပ်နေသည့် ကျေးရွာရှစ်ရွာရှိ စာကြည့်တိုက်များသို့ ဆက်လက်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

တက္ကသိုလ်ဝင်တန်းအောင်ချက် မြှင့်မားရေးဆောင်ရွက်

တာချီလိတ် ဖေဖော်ဝါရီ ၈

၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် တာချီလိတ်ခရိုင် ဟောင်လိတ်ကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူ ၂၈ ဦးတို့အား စခန်းသွင်းလေ့ကျင့်လျက်ရှိသော စေတနာညကျောင်းသို့ တာချီလိတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဌေးဌေးဝင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ရွှေမိုးသူဇာနှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၃၁ ရက် ညနေ ၆ နာရီခွဲက သွားရောက်တွေ့ဆုံကာ အားပေးစကားပြောကြားကြပြီး ကျောင်းသားကျောင်းသူများအား ကြက်ဥ၊ ကွေကာအုပ်၊ အာဟာရပြည့်အစားအစာများ၊ စာအုပ်စာရေးကိရိယာများကို ကျောင်းသား ကျောင်းသူတစ်ဦးချင်းစီထံ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ (၀၆၀)

ရေမြောင်းနှင့်မလွတ်ကင်းသော ထရန်စဖော်မာရွှေ့ပြောင်း

ရန်ကုန် ဖေဖော်ဝါရီ ၈

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေးအရှေ့၊ အနောက်၊ တောင်၊ မြောက် ရပ်ကွက်များအတွင်း မိုးရာသီကာလတွင် ရေမြောင်း ရေလျှံမှုများမဖြစ်ပေါ်စေရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ရေမြောင်းများ တိုးချဲ့ခြင်း၊ မြောင်းကျော်တံတားများ မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ရေမြောင်းများတိုးချဲ့ရာတွင် မလွတ်ကင်းသော အများပြည်သူသုံး ထရန်စဖော်မာကြီးတစ်လုံးကိုလည်း ရွှေ့ပြောင်းပေးခဲ့သည်။

အဆိုပါ 6.6/0.4 KV, 500 KVA ထရန်စဖော်မာကြီး ရွှေ့ပြောင်းပေးခြင်းနှင့်အတူ မင်္ဂလာတောင်ညွန့်မြို့နယ်လျှပ်စစ်အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မိုးဦးစီးသည့် လျှပ်စစ်ဝန်ထမ်းများက ဓာတ်အားလိုင်းများ အသစ်သွယ်တန်းခြင်းနှင့်ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးရေး လုပ်ငန်းများကိုဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** (၀၄၂)

မြန်မာ့အလင်း စာတည်းထံပေးစာများ

မြို့ပတ်လမ်း ဆက်လက်ခင်းပေးစေချင်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ ဗိုလ်ချုပ်လမ်းမကြီးသည် တောင်ငူလမ်းနှင့် ထိစပ်သည့်အထိသာရှိပြီး ရပ်ကွက်မြို့ပတ်လမ်းအထိ ၇၁၅ ပေကို ဆက်လက်၍ ကတ္တရာလမ်းမအဖြစ် မခင်းဖြစ်တော့ဘဲ ချန်ထားခဲ့သည်မှာ ကာလကြာမြင့်ပြီဖြစ်ပါသဖြင့် လမ်းမှာ ဆိုးရွားစွာ ပျက်စီးနေပါ၍ လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသူလမ်းသားများ**

ဝက်မွေးမြူရေးခြံ ကြပ်မတ်ပေးစေချင်

စာတည်းခင်ဗျား-

လှိုင်သာယာမြို့နယ် (၇) ရပ်ကွက် အောင်မင်းခေါင်လမ်း၊ ပုလဲလမ်းနှင့် အောင်မင်းခေါင်လမ်း နောက်ဖေးမြောင်းကြားတွင် ဝက်များမွေးမြူထားရာ သန့်ရှင်းမှုမရှိသဖြင့် ပတ်ဝန်းကျင်ရှိ လူအများမှာ အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်လျက်ရှိရာ သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူ

စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်း ဆောင်ရွက်ပြီးဖြစ်

ဇန်နဝါရီ ၂၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေးစာပါ **မော်လမြိုင်မြို့ ကွင်းရပ် ရပ်ကွက် ဈေးကြိုကျိုက္ကမီလမ်း မီးပွိုင့်အနီး စူပါကော်ဖီမစ်ဆိုင်းဘုတ်အောက်ရှိ အမှိုက်ပုံအနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရ** ပေးစာနှင့်စပ်လျဉ်း၍ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီး ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

မြန်မာ့အလင်း နိုင်ငံတကာအားကစား

မောင်မောင်မြင့်ဆွေ - ရေးသားသည်

လောရက်စ် တစ်နှစ်တာအကောင်းဆုံး အားကစားဆုများချီးမြှင့် တင်းနစ်ကစားသမား ဒီဂျိုကိုဗစ်နှင့် အပြေးမယ် ချာရိုင်ရွတ်တို့ရရှိ

အကောင်းဆုံးဂေါက်သီးကစားသမားဆုရ ဒါရင်ကလက်



အကောင်းဆုံးတင်းနစ်ကစားသမားဆုရ ဒီဂျိုကိုဗစ်

အကောင်းဆုံးအမျိုးသမီးအပြေးမယ် ချာရိုင်ရွတ်

လန်ဒန် ဖေဖော်ဝါရီ ၈

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့မှာ ဖေဖော်ဝါရီ ၇ ရက်က ကျင်းပတဲ့ လောရက်စ် တစ်နှစ်တာ အကောင်းဆုံးအားကစားဆု ချီးမြှင့်ပွဲမှာ တစ်နှစ်တာ အကောင်းဆုံးအားကစားသမားဆုကို ဆားဘီးယားတင်းနစ်သမား နိုဗက်ဒီဂျိုကိုဗစ်က ဆွတ်ခူးရရှိသွားပါတယ်။

လောရက်စ် ကမ္ဘာ့အားကစားဆုတွေကို ချီးမြှင့်နိုင်ဖို့ လွန်ခဲ့တဲ့ ၁၉၉၉ ခုနှစ်မှာ ပက်ထရွန်ဒမ်လာနဲ့ ရစ်ချ်မွန့်တို့က ဦးဆောင်ဆော်ဩကြပြီး ကမ္ဘာအနှံ့မှာရှိတဲ့ မာစီဒီးဘင့်ဇ်လိုကားကုမ္ပဏီတွေ အပါအဝင် ငွေကြေးကြွယ်ဝတဲ့ပုဂ္ဂိုလ်တွေက ကမကထပြုပြီး စတင်ဖွဲ့စည်းထူထောင်ခဲ့ခြင်းဖြစ်ပါတယ်။

လောရက်စ် ကမ္ဘာ့အားကစားဆုတွေကို ၂၀၀၀ ပြည့်နှစ်ကစတင်ပြီး နှစ်စဉ် ဖေဖော်ဝါရီလမှာ ကမ္ဘာ့နိုင်ငံပေါင်း ၈၀ ကျော်က အားကစားအယ်ဒီတာတွေ၊ အားကစားကလောင်ရှင်တွေနဲ့ အသံလွှင့်ဌာနတွေက ဆန္ဒမဲပေးရွေးချယ်ပေးခဲ့ကြခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၁ ခုနှစ်အတွက် အကောင်းဆုံး အားကစားသမားဆုကို တင်းနစ်ကစားသမား နိုဗက်ဒီဂျိုကိုဗစ် ရွေးချယ်ခံရပြီး တစ်နှစ်တာ အကောင်းဆုံး အမျိုးသမီးအားကစားမယ်ဆုကို ကင်ညာအပြေးမယ် ချာရိုင်ရွတ်က ဆွတ်ခူးရရှိသွားပါတယ်။ *စာမျက်နှာ ၃ ကော်လံ ၃* ❐

ကျန်းမာရေးသုတ

ဇော်ဦးခိုင် - ရေးသားသည်

၁၅ ဒသမ ၅၂ ပေါင် ကိုယ်အလေးချိန်ရှိသော ကလေး တရုတ်အလယ်ပိုင်းတွင် မွေးဖွား

ပေကျင်း ဖေဖော်ဝါရီ ၈

*တရုတ်အလယ်ပိုင်းတွင် မွေးဖွားခဲ့သော ကလေးငယ်လေးတစ်ဦး၏ ကိုယ်အလေးချိန်မှာ ၁၅ ဒသမ ၅၂ ပေါင်ရှိသဖြင့် စံချိန်မှတ်တမ်းတင်စရာ ဖြစ်ခဲ့သည်။ **(အောက်ပုံ)** နိုင်ငံအတွင်း ၁၉၄၉ ခုနှစ်မှ ယနေ့ ခေတ်ကာလအထိ မွေးကင်းစကလေးငယ်များတွင် ကိုယ်အလေးချိန် အများဆုံးဖြစ်နိုင်သည့် မှတ်တမ်းတင်လောက်သော ကလေးငယ် ဖြစ်သည်။*

ထိုကလေးငယ်ကို ဟီနန်ပြည်နယ်၌ အသက် ၂၉ နှစ်အရွယ် အမျိုးသမီးတစ်ဦးက ဖေဖော်ဝါရီ ၄ ရက်တွင် ဖွားမြင်လိုက်ခြင်းဖြစ်ကြောင်း၊ ကလေးငယ်၏အမည်ကို ချောင်ချောင်ဟု အမည်ပေးထားပြီး အလွန်ဖွံ့ထွားသည့် ကလေးငယ်ဖြစ်သော်လည်း မွေးဖွားမှုမှာ အချိန်မိနစ် ၂၀ ခန့်သာ ကြာမြင့်ခဲ့ကြောင်း နိုင်ငံပိုင် တီယန်ကျင်းသတင်းစာတွင် ဖေဖော်ဝါရီ ၇ ရက်က ဖော်ပြပါရှိသည်။

စာမျက်နှာ ၁၀ ကော်လံ ၅ ✱

မိလ္လာကန်ထွက် ဘိုင်အိုဂက်စ်များမှာ လူတို့အတွက် ပြင်းထန်သည့် အဆိပ်ဓာတ်ငွေ့ဖြစ် ပွင့်ဖြူမြို့တွင် မိလ္လာကန်အတွင်းရေဆိုးထုတ်ရင်း လေးဦး သေဆုံးကြရပြန်

နေပြည်တော် ဖေဖော်ဝါရီ ၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မဲဇလီကျေးရွာအုပ်စု လယ်မကျေးရွာ၌ လွန်ခဲ့သော ၁၀ နှစ်ခန့်က အသုံးပြုခဲ့သော အကျယ် လေးတောင် အနက် ၁၀ တောင်ခန့်ရှိ မိလ္လာကန်မှ ရေဆိုးထုတ်ရန်အတွက် မိလ္လာကန်အတွင်း ဆင်းသက်သွားကြရာမှ ကန်တွင်းရှိ ဓာတ်ငွေ့များနှင့် အနံ့ဆိုးများကြောင့် အောက်ဆီဂျင်ပြတ်လပ်ကာ ပြန်တက်မလာနိုင်တော့ဘဲ မေ့မြောသွားခဲ့ပြီး ပတ်ဝန်းကျင်မှ ဝိုင်းဝန်းဆယ်တင်ကြသော်လည်း ဆေးရုံအသွားလမ်းခရီးနှင့် ဆေးရုံတွင် စုစုပေါင်း လေးဦး သေဆုံးသွားကြရသည့်ဖြစ်စဉ်တစ်ရပ် ဖြစ်ပွားခဲ့သည်။

ဖေဖော်ဝါရီ ၇ ရက် ညနေ ၃ နာရီ ၂၅ မိနစ်တွင် လယ်မကျေးရွာနေ ဦးတင်ငွေ (၄၆)နှစ်(ဘ)ဦးမှုံသည် လွန်ခဲ့သော ၁၀ နှစ်ခန့်က စတင်အသုံးပြုခဲ့သော မိလ္လာကန်မှ ရေဆိုးထုတ်ရန်အတွက် အဖော် ငါးဦးနှင့်အတူ မိလ္လာကန်အတွင်း ဆင်းသွားခဲ့သည်။ *စာမျက်နှာ ၃ ကော်လံ ၅* ❍

မြန်မာ့အလင်း

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို

☆ ယနေ့အချိန်အခါသည်ကား ပြည်ထောင်စုကြီးကို ဒီမိုကရေစီစနစ်အခြေခံလျက် အသစ်တစ်ဖန် တည်ဆောက်နေရချိန်ဖြစ်ရာ ရုန်းကန်လှုပ်ရှား စွန့်စားရမည့် စိန်ခေါ်မှုများနှင့်အတူ အခွင့်အလမ်းကောင်းများလည်း ရှိပေသည်။ ထိုစိန်ခေါ်မှုများကို ပြည်ထောင်စုစိတ်ဓာတ်အခြေခံလျက် ရင်ဆိုင်ကျော်လွှားကာ အခွင့်အလမ်းကောင်းတို့ကို အမိအရ ဆုပ်ကိုင်ထားရန် လိုအပ်ပေသည်။

လှိုင်ဘွား(ပါရမီ)၏ ဆောင်းပါး စာ-၈၊ ၉

☆ ချစ်ကြိုးဖွဲ့နှောင် တွဲလက်များ — သောင်းကိုကို၏ ကဗျာ စာ-၈

☆ ငြိမ်းချမ်းရေး — သိန်းထွန်း၏ ကာတွန်း စာ-၉